Network for Democracy and Development
Documentation and Research Department
P.O Box 179, Mae Sod, Tak, 63110, Thailand. Tel : 66 81 7241281,. E-mail : ndddrd07@gmail.com
(or) ndddrd07@csloxinfo.com

# တစ်လအတွင်း မြန်မာ့သတင်း (၂၀၀၉ ခုနှစ်၊ မေလ)

မေလ (၁)

- မတရားအသင်းအက်ဥပဒေ **(Unlawful Association Act)** ကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သော ထိုင်းနိုင်ငံ အခြေစိုက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ **BLC** အား နအဖက မတရားအသင်းကြေညာလိုက်သည်။ **(DVB 010509)**
- ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ထားသော်လည်း လာမည့် ဟန္နီင်းဆွေးနွေးပွဲ အကြိုအဖြစ် နအဖနှင့် **Intelligent Engagement** ထက်မြက်သော ဆက်ဆံမှုနည်းဖြင့် ဆက်သွယ်နေသည်။ **(The Nation, BKK, VOB 010509)**
- နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် လေဘေးသင့် ပြည်သူများကို ကူညီထောက်ပံ့မှု ပြုလုပ်ခဲ့သဖြင့် ဖမ်းဆီးထောင် ချခံခဲ့ရသော ဇာဂနာအပါအဝင် ၂၁ ဦးကို ပြန်လွှတ်ပေးရန် **New York** အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ကြီးက နအဖ စစ်အာဏာပိုင်များကို တောင်းဆိုလိုက်သည်။ **(AFP, VOB 010509)**
- နအဖတပ်အောက် တိုင်းရင်းသားများနေထိုင်သည့် မြန်မာကျေးလက်ဒေသများတွင် အစာရေစာရှားပါးကာ ရွာသူရွာသားများ အသက်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ **KHRG** က ယနေ့ အစီရင်ခံစာ တစ်စောင် ထုတ်ပြန်လိုက်သည်။ **(Asia Tribune, VOB 010509)**
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရာနှင့်ချီသောမြန်မာအလုပ် သမားများက ဘန်ကောက်မြို့ ဗဟိုသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူခဲ့ကြသည်။ **(NMG 010509)**
- အလုပ်အကိုင် အခက်အခဲဖြစ်၍ ချင်းအမျိုးသားတစ်ဦး ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မိမိကိုယ်ကိုယ်ကို အဆုံးစီရင်ခဲ့ သည်။ **(RFA, VOB 010509)**
- နာဂစ်မုန်တိုင်းသင့် ဒေသများတွင် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် အဖမ်းခံရသူ ၂၁ ဦးနှင့် ပတ် သက်၍ စစ်အစိုးရ၏ အပြစ်ဒဏ်ချမှတ်မှုသည် မတရားအပြစ်ပေးခြင်း ဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ **(AAPP-B)** က ပြောသည်။ **(RFA 010509)**
- ယနေ့ ကျရောက်သည့် ၁၁၉ ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားများကို ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ အခြေစိုက် မြန်မာအလုပ်သမားများအရေး ဆောင်ရွက်နေသည့် အဖွဲ့များက နေရာ ၄ နေရာခွဲ၍ ပြုလုပ်ကျင်းပခဲ့သည်။ **(RFA 010509)**
- ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့မှ ကွမ်းခြံကုန်းမြို့ ရွာစဉ်တကြောရှိ နာဂစ်မုန်တိုင်းသင့် ညောင်ငူကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော မေတ္တာအိမ်ရာ စီမံကိန်းသို့ ပေးပို့သည့် နာဂစ်ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာ ဥက္ကဋ္ဌက အလွဲသုံးစားမှု ပြုလုပ်ခဲ့သဖြင့် တာဝန်မှ နုတ်ထွက်လိုက်ရကြောင်း ဒေသခံရွာသားတစ်ဦးက ပြောသည်။ **(NEJ 010509)**
- မုန်တိုင်းသင့် တစ်နှစ်ပြည့်ချိန်တွင် ဧရာဝတီတိုင်း မြို့နယ်အချို့ရှိ ဒေသခံ ဒကာ၊ ဒကာမများ၏ စီးပွားရေး ပျက်စီးခဲ့မှုကြောင့် ဘုန်းကြီးကျောင်းများသို့ အလှူအတန်းများ ၇၅ ရာခိုင်နှုန်းခန့် ကျသွားသည်ဟု ဒေသခံ သံဃာ တော်များက ပြောသည်။ **(Mizzima 010509)**
- ရခိုင်ပြည်နယ်တွင် စတင်ဖောက်လုပ်နေသော စစ်တွေနှင့် အမ်းမြို့အကြား ပြေးဆွဲမည့် ရထားစက်ခေါင်းများ စစ်တွေသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း အမည်မဖော်လိုသည့် မြို့ခံတစ်ဦးက ပြောသည်။ **(Narinjara 010509)**
- မြန်မာနိုင်ငံတွင် ပြည်ပသို့ ဆန်တင်ပို့ရန် ပုဂ္ဂလိက ကုမ္ပဏီများက လိုက်လံဝယ်ယူနေသဖြင့် ဆန်ဈေးများ တဖြည်း ဖြည်းမြင့်တက်လာကြောင်း ကရင်နီပြည် (ကယား)၊ ဒီမောဆိုမြို့နေ ဆန်ကုန်သည်တစ်ဦးက ပြောသည်။ **(Kantarawaddy Times 010509)**

မေလ (၂)

- မြန်မာနိုင်ငံ ရှေ့နေများကောင်စီ **BLC** ကို နအဖစစ်အစိုးရက မတရားအသင်းကြေညာခြင်းသည် နိုင်ငံတကာ ဥပဒေအရ သာမက ပြည်တွင်းဥပဒေအရလည်း တရားမဝင်ဟု **BLC** က ပြောသည်။ **(Mizzima 020509)**
- မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ခြင်း တစ်နှစ်ပြည့်မြောက်ခဲ့သော်လည်း မုန်တိုင်းဒဏ် အများဆုံးခံခဲ့ရသည့် ဧရာဝတီတိုင်း ဒေသတော်တော်များများတွင် အကူအညီလိုအပ်နေဆဲဖြစ်သည်။ **(RFA 020509)**
- မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ဆောက်နေသော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အဦး **(Cyclone Shelter)** များသည် မုန်တိုင်းတိုက်၍ တစ်နှစ်ပြည့်ချိန်အထိ ပြီးစီးမှုမရှိသေးသောကြောင့် မုန်တိုင်း ထပ်မံဝင်ရောက်လာလျှင် နားခိုရာမရှိသဖြင့် ဒေသခံများက စိုးရိမ်ပူပန်နေကြသည်။ **(Irrawaddy 020509)**
- ရန်ကုန်မြို့တွင် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သကြင်္န်မဏ္ဍပ်များကြောင့် ပျက်စီးခဲ့သည့် သစ်ပင်များ အတွက် လျော်ကြေးဟုဆိုကာ စည်ပင်သာယာရေးမှ ငွေကောက်ခံနေသည်။ **(Narinjara News 020509)**

မေလ (၃)

- နာဂစ်မုန်တိုင်း တစ်နှစ်ပြည့်အမှတ်တရ ကုသိုလ်ကောင်းမှုများကို နာဂစ်ဒဏ်အဓိကခံရသည့် ဧရာဝတီတိုင်းအတွင်း သေဆုံးသူမိသားစုများက ယမန်နေ့နှင့် ယနေ့တွင် တတ်နိုင်သလောက် ကုသိုလ်ကောင်းမှု ပြုခဲ့ကြသည်။ **(DVB 030509)**
- နာဂစ်မုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့သည့် ပြည်သူများအတွက် တစ်နှစ်ပြည့်အောက်မေ့ဖွယ် ဖယောင်းတိုင်ထွန်းပွဲ အခမ်းအနားနှင့် နာဂစ်အမှတ်တရ မှတ်တမ်းဓာတ်ပုံပြပွဲကို ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ စုပေါင်းကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့လည်မှ ဝေါလ်ထရိတ်စင်တာနှင့် စင်ထရယ်ဝေါလ်အရောင်းခန်းမရှေ့တွင် မေလ ၃ ရက်နေ့ ညနေပိုင်းက ပြုလုပ်ကျင်းပခဲ့သည်။ **(RFA 030509)**
- အင်းစိန်ထောင်တွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံထားရသည့် အလုံမြို့နယ် **NLD** ဥက္ကဌ ဦးဘမြင့်သည် ဝမ်းလျှော၍ ကျန်းမာရေးမကောင်းကြောင်း လွှနိခဲ့သည့်အပတ်က ထောင်ဝင်စာသွားတွေ့ခဲ့သည့် မိသားစုဝင်တစ်ဦးက ပြောသည်။ **(RFA 030509)**

မေလ (၄)

- ၁၉၈၉ ခုနှစ်မှ ယနေ့ချိန်ထိ နဝတ/နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့များအတွက် အပစ်ရပ်ကာလ သက်တမ်းကုန်ဆုံးပြီဟု စစ်ဖက်ရေးရာလုံခြုံရေး (စရဖ) ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ရဲမြင့်က ပြောသည်။ **(S.H.A.N 040509)**
- မေလ ၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီကျော်က သျှမ်းပြည်တောင်ပိုင်း ခယ်ခုံမြို့ အခြေစိုက် စကခ (၇) လက်အောက်ခံ ခမရ ၄၂၆ ကို ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် **PNLA** တပ်မ ၁ နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် **KNLA** ပူးပေါင်းစစ်ကြောင်းက ခြုံခိုတိုက်ခိုက်ရာ နအဖစစ်တပ်မှ လူ ၁၂ ဦးကျဆုံးကာ လက်နက်အားလုံး သိမ်းဆည်းရမိခဲ့သည်။ **(S.H.A.N/ NMG 040509)**
- ထိုင်း–မြန်မာနယ်စပ် တာချီလိတ်နယ်စပ်ဂိတ်တွင် ယနေ့ ညနေပိုင်း ၂ နာရီကျော်က ထိုင်းနိုင်ငံဘက်မှလာသည့် ကားတစ်စီးပေါ်၌ လက်နက်ပစ္စည်းများ ဖမ်းမိသည်ဟု အမည်မဖော်လိုသူ ဒေသခံအာဏာပိုင်နှင့် နစ်စပ်သူတစ်ဦး ကပြော သည်။ **(DVB 040509)**
  - ပစ္စတို ၁ လက်နှင့် ကျည်ဆံ ၅၀၀ တောင့်၊
  - **AK 47** ခေါက်တင် ၁ လက်နှင့် ကျည်ဆံ ၆၁ တောင့်၊
  - **.22** ၁ လက်နှင့် ကျည်ဆံ ၅၀ တောင့်၊
  - စနိုင်ပါ ၁ လက်
  - ကျည်ကာအကျီ ၁ ထည်
- ဧရာဝတီတိုင်း ဘိုကလေးမြို့ အထက ၁ ကျောင်းမှ ၁၂ ရက်ကြာ ပြုလုပ်ခဲ့သည့် ကလေးပျော်ကျောင်းသင်တန်းကို ကုလသမဂ္ဂ ကလေးရန်ပုံငွေအဖွဲ့ **UNICEF** က ဦးစီးပြုလုပ်ကာ တက်ရောက်လာသည့် သူများအား သင်တန်းကြေး ပေးမည်ဟု ဆိုသော်လည်း မပေးသည့်အတွက် ဆရာ၊ ဆရာမများက အခက်တွေ့ကြရသည်။ **(DVB 040509)**

- ကျိုင်းတုံထောင်က ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို မတ်လနှင့် ဧပြီလအတွင်း မျက်စိအထူးကုဆရာဝန်၊ ရောဂါအထူးကုဆရာဝန်နှင့် ကုသမှုပေးခဲ့သည်ဟု ဧပြီလ ၂၉ ရက်နေ့က ထောင်ဝင်စာသွားတွေ့ကာ ပြန်လာသည့် အစ်မဖြစ်သူ မကြည်ကြည်ညွန့်က ပြောသည်။ **(DVB 040509)**
- ပြည်သူ့ပြည်ချစ်ပါတီ **PPP** အဖွဲ့၏ ဒုဥက္ကဋ္ဌ ဦးအုန်းသော်သည် အဖွဲ့ဝင် ၂၀ နှင့်အတူ မြဝတီတပ်စခန်းမှတဆင့် နအဖထံ သွားရောက်ပူးပေါင်းခဲ့သည်ဟု **PPP** ဥက္ကဋ္ဌ ဦးသန်းစိန်က ပြောသည်။ **(NEJ, NMG 040509)**
- ကင်ဆာအားပေးနိုင်သည့် ဆိုးဆေးများပါသည့် ငါးမိများကို တားမြစ်ခဲ့သော်လည်း လက်တွေ့တွင် ပြန်လည်သိမ်းဆည်းရန် အခက်အခဲ ရှိနေသည်။ **(Mizzima 040509)**
- ထိုင်း–မြန်မာနယ်စပ်မြို့ဖြစ်သည့် ဘုရားသုံးဆူမြို့ စစ်ဆေးရေးဂိတ်တွင် မြန်မာအာဏာပိုင်အဖွဲ့ပေါင်းစုံမှ ကြီးကြပ်၍ မေလ (၁) ရက်နေ့မှစတင်ကာ ထိုင်းနိုင်ငံမှ တင်သွင်းလာသည့် ဝက်များကို တားမြစ်ဖမ်းဆီးနေသည်။ **(Kaowao News 040509)**
- နိုင်ငံခြားကို ဆန်တင်ပို့နေသည့် ကုမ္ပဏီများအတွက် လွန်ခဲ့သည့် ရက်ပိုင်းက နောက်ဆုံး ပြဋ္ဌာန်းလိုက်သည့် စည်းမျဉ်းသစ်များကြောင့် ဆန်ကုမ္ပဏီအများစုက လွန်ခဲ့သည့် အနှစ် ၂၀ ကာလအတွင်း၌ အဆိုးဆုံး အခြေအနေကို ရင်ဆိုင်နေရသည်။ **(RFA 040509)**
- မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ပငကျေးရွာတွင် ဝဲကလီ ၃၁၅ အမြောက်တပ်၏ ခွင့်ပြုချက်ဖြင့် လောင်းကစားဝိုင်းများကို ဖွင့်လှစ်ခဲ့သည်မှာ ၂ နှစ်ကြာပြီဖြစ်သောကြောင့် ဒေသခံများ စိတ်အနှောင့်အယှက် ဖြစ်နေကြသည်။ **(IMNA 040509)**
- ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူ၌ ဝက်သားမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်များအားလုံး ရောင်းချခြင်းများမပြုရန် တားမြစ်လိုက်သည်။ **(IMNA 040509)**
- မကွေးတိုင်း ပခုက္ကူခရိုင်ရှိ ကုက္ကိုလှ လျှပ်စစ်မြစ်ရေတင် စီမံကိန်းက ရေအလုံအလောက်မပေးသဖြင့် နွေးစပါးစီမံကိန်း စပါများ အောင်မြင်ရန် မသေချာကြောင်း ဒေသခံ လယ်သမားများက ပြောသည်။ **(Mizzima 040509)**
- မန္တလေးမှ စစ်တွေသို့မောင်းနှင်လာသော "ရွှေပြည်ရခိုင်" ခရီးသည်တင် ဘတ်စ်ကားလိုင်းမှ ကားတစ်စီး အမ်းမြို့နယ်တွင် ယမန်နေ့ ညနေက တိမ်းမှောက်သွားခဲ့သဖြင့် လူ (၅) ဦး သေဆုံးခဲ့သကည်ဟု ကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Narinjara News 0409)**

## မေလ (၅)

- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်အမှု အယူခံကို နအဖအစိုးရက ပယ်ချလိုက်သည်ဟု ရှေ့နေဦးကြည်ဝင်းက ပြောသည်။ **(NEJ 050509)**
- တိုးတက်သော ကရင်ဗုဒ္ဓဘာသာအဖွဲ့ **(DKBA)** ကို နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် မြန်မာစစ်အစိုးရက ပြင်ဆင်ဖွဲ့စည်းပေးမည်ကို သဘောတူလက်ခံခဲ့သော်လည်း တပ်ဖွဲ့ဝင်အင်အားလျှော့ချမည့် ကိစ္စနှင့်ပတ်သက်၍ **DKBA** အဖွဲ့အတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ **(NEJ 050509)**
- ဘောလုံးပွဲနှင့် လက်ဝှေ့ပွဲများတွင် နအဖ အာဏာပိုင်များ တက်ရောက်ကြည့်ရှုသောကြောင့် လုံခြုံရေးအထူးချထားသည်ဟု ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 050509)**
- လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့က မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လေဘေးသင့်ဒုက္ခသည် (၅) သိန်းခန့်အတွက် နေစရာအိမ်များ အမြန်ဆုံးလိုအပ်နေကြောင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် **Inter-Agency Standing Committee (IASC)** အဖွဲ့က ပြောသည်။ **(NEJ 050509)**
- ရောဝတီတိုင်းတွင် မသန့်ရှင်းသည့် ကန်ရေများသုံးစွဲနေသဖြင့် ဝမ်းရောဂါဖြစ်ပွားမှု များပြားနေသည်ဟု ဘိုကလေးမြို့နယ် ဆေးရုံမှ တာဝန်ကျ ဆရာဝန်တစ်ဦးက ပြောသည်။ **(NEJ 050509)**
- အာဆီယံဒေသတွင်း ထိရောက်ကောင်းမွန်သည့် လူ့အခွင့်အရေး ဆောက်ရွက်မှုများ ရှိလာရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်တွင် မေလ ၄ ရက်နေ့နှင့် ၅ ရက်နေ့၌ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ရာတွင် မြန်မာအတိုက်အခံအင်အားစုမှ ကိုယ်စားလှယ်အဖြစ် မြန်မာ့မိတ်ဆွေများအသင်း **(Burma Partnership)** မှ ဦးစိုးအောင်လည်း တက်ရောက်ခဲ့သည်။ **(RFA 050509)**
- မြန်မာနိုင်ငံ အကျပ်အတည်းများ ဖြေရှင်းရန် ဥရောပသမဂ္ဂ **EU** နှင့် ဂျပန်တို့က မြန်မာစစ်အစိုးရပေါ် ပူးတွဲကြေညာချက် တစ်စောင်အား မေလ ၄ ရက်နေ့က ထုတ်ပြန်ကြေညာ တောင်းဆိုလိုက်သည်။ **(RFA 050509)**

- လာမည့်မိုးရာသီ မိုးစပါးစိုက်ပျိုးရန်အတွက် နာဂစ်မုန်တိုင်းဘေးသင့် ဒေသများတွင် မျိုးစပါးများနှင့် စိုက်ပျိုးရေးပစ္စည်းများ အလုံအလောက်မရှိသဖြင့် တောင်သူလယ်သမားများ အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ **(RFA 050509)**
- မကွေးတိုင်း ရေစကြိုမြို့ အခြေစိုက် ခလရ (၂၅၆) တပ်ရင်း၏ စစ်လက်နက်တိုက်ကို ယမန်နေ့ ညနေပိုင်းက အဖောက်ခံလိုက်ရသည်။ **(RFA 050509)**
- ရောဝတီတိုင်း လပွတ္တာမြို့ ၅ ရပ်ကွက် အောင်မင်္ဂလာလမ်း၌ရှိသည့် ဈေးကို သက်ဆိုင်ရာ အာဏာပိုင်များက ကမ်းနားလမ်းတွင်ရှိသည့် သဲပုဆိပ်ဈေးဆီ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းနေသည်။ **(DVB 050509)**
- မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနက ယခုနှစ်အတွက် တက္ကသိုလ် ပါရဂူဘွဲ့ဝင်ခွင့်များကို အသက် ၃၀ နှစ်အောက်အရွယ်ရှိ မဟာဘွဲ့နှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကိုသာ ဝင်လျှောက်ခွင့်ပေးသည်။ **(DVB 050509)**
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည့် တရားမဝင်အလုပ်သမားများအတွက် အလုပ်လုပ်ခွင့် ကဒ်ပြား ၇ သိန်း ထပ်ထုတ်ပေးမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။ **(S.H.A.N 050509)**
- ၂၀၁၀ ရွေးကောက်ပွဲသည် အခွင့်အလမ်းတစ်ခုဖြစ်၍ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ **United Democratic Party** အမည်ဖြင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွေးနွေးနေကြောင်း ဝါရင့်နိုင်ငံရေးသမား ဦးသုဝေ၏ ဇနီးက ပြောသည်။ **(Mizzima 050509)**
- ဝက်တုပ်ကွေး ရောဂါသည် မက္ကဆီကိုနှင့် အမေရိကန် ပြည်နယ်တချို့တွင် အစုလိုက်အပြုံလိုက် စတင်ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံခြားခရီးသွားများမှတဆင့် ဝက်တုပ်ကွေးရောဂါပိုးများ တိုင်းပြည်အတွင်း ဝင်မလာနိုင်အောင် ကာကွယ်ရန်အတွက် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ကျန်းမာရေး ဆေးစစ်ခန်းများ ထားရှိပြီဖြစ်သည်။ **(Mizzima 050509)**
- ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်တစ်လျှောက် မြန်မာဘက်မှ ခြံစည်းရိုး ကာရံနေရာတွင် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများကို ချိုးဖောက်ပါက ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိုင်ကြည့်နေမည်မဟုတ်ဟု ဘင်္ဂလားဒေ့ရှ် ရိုက်ဖယ်တပ်ဖွဲ့ အကြီးအကဲ ဗိုလ်မှူးကြီး မိုင်နုလ်ဟောဆန်မှ သတိပေးပြောကြားလိုက်သည်။ **(Narinjara 050509)**
- မိုးဦးကာလ ရာဘာခြံပိတ်ချိန်တွင် မွန်ပြည်နယ်အတွင်း ရာဘာဈေးနှုန်း အနည်းငယ် ပြန်မြင့်တက်လာသည်။ **(IMNA 050509)**
- ကယားပြည်နယ် ဒီမောဆိုမြို့နယ် စံပြ ၆ မိုင်ရွာမှ လောပိတအနီး ဒေါ်စဲကျေးရွာအထိ ရှည်လျားသော ကြက်ဆူစိုက်ခင်းအတွက် ဒေသခံပြည်သူများ၏ တောင်ယာကေပေါင်း ၁၀၀၀ ကျော်ကို လွိုင်ကော် ဒကစမ အင်းအဓမ္မ သိမ်းယူလိုက်ကာ လျော်ကြေးငွေမရရှိသည့်အတွက် ပြည်သူများ ဒုက္ခရောက်နေကြသည်ဟု ဒေသခံတစ်ဦးဦးက ပြောသည်။ **(Kantarawaddy Times 050509)**
- ထိုင်း–မြန်မာနယ်စပ်ရှိ ကရင်နီဒုက္ခသည်စခန်းသို့ ထွက်ပြေးရောက်ရှိလာသော လူသစ်များကို တရားဝင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုလက်ခံရန် ထိုင်းဒေသခံအာဏာပိုင်များမှ တင်းကျပ်သည့် မူဝါဒများနှင့် စစ်ဆေးမှုများ လုပ်ဆောင်နေသည်ဟု ဆိုသည်။ **(Kantarawaddy Times 050509)**

## မေလ (၆)

- စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရေးနယ်မြေအနက် ထိုင်း–မြန်မာ နယ်စပ်တလျှောက်ရှိ မွန်တိုင်းရင်းသားများကို စစ်အစိုးရ လူဝင်မှုကြီးကြပ်ရေးဌာန (လဝက) အရာရှိများက နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားများ ကွင်းဆင်းပြုလုပ်ပေးနေသည်ဟု ဒေသခံများက ပြောသည်။ **(NEJ/ Kaowao 060509)**
- တရုတ်–မြန်မာနယ်စပ်တလျှောက်ရှိ နအဖနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းရန် နအဖစစ်ဘက်အရာရှိများက ဧပြီလ (၂၈) ရက်နေ့က သီးခြားစီတွေ့ဆုံခဲ့ရာ အင်အားအဆမတန် လျှော့ချခံရမည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **(UWSA)** က မကျေမနပ်ဖြစ်နေသည်။ **(NEJ 060509)**
- ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ မယ်တောင်လမ်းရှိ **PANTHONG MANUFACTURING Co. LID.** သိုးမွေး အထည်ချုပ်စက်ရုံမှ အလုပ်သမား (၃၂၆) ဦးသည် လခ (၂) လစာ မရကြသဖြင့် မဲဆောက်မြို့ရှိ အလုပ်သမား အခွင့်အရေးကာကွယ်ရေးရုံးရှေ့တွင် ယနေ့နံနက်က သွားရောက်ဆန္ဒပြကြသည်။ **(NEJ 060509)**

- လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အမေရိကန်အစိုးရက မြန်မာစစ်စိုးရအပေါ် ချမှတ်ထားသည့် **(Sanction)** စီးပွားရေးဒဏ်ခန့် ပိတ်ဆို့မှုကို သိပ်ထိရောက်သည်ဟု မထင်ကြောင်း ဘာသာပြန် စာရေးဆရာ ကျော်ဝင်းက ပြောသည်။ **(NEJ 060509)**
- ပဲခူးမြို့ ဖိုးရွှေလ အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်လိုက်သည့် အလုပ်သမ ၁၀ ဦး၏ လျော်ကြေးငွေ ကိစ္စကို အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့် ကိုတိုင် ယနေ့ လာရောက် ဖြေရှင်းပေးခဲ့သည်။ **(Mizzima 060509)**

  အလုပ်ဖြုတ်ခံရသည့် စက်ရုံအလုပ်သမားများ –

  ၁။ မခင်ငြိမ်းချမ်း

  ၂။ မအေးအေးမြင့်

  ၃။ မဝါဝါလှိုင်

  ၄။ မမြသန္တာအေး

  ၅။ မဖြူဇာဝင်း

  ၆။ မစုစုငယ်

  ၇။ မမြင့်မြင့်နွယ်

  ၈။ မထွေးထွေး

  ၉။ မဝင်းမာလွင်

  ၁၀။ မတင်တင်စိုး
- ရခိုင်ပြည်နယ်အတွင်း ပြည်ပသတင်းဌာနများနှင့် ဆက်သွယ်သူများကို လူဝင်မှုကြီးကြပ်ရေး – လဝက ပုဒ်မ တပ်ကာ ထောင်ဒဏ်ချမှတ်ရန် ယခုနှစ်ဖေဖော်ဝါရီလမှစ၍ ရခိုင်ပြည်နယ် အမ်းမြို့အခြေစိုက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ညွှန်ကြားထားသည်။ **(Mizzima 060509)**
- "မိမိတို့တပ်ဖွဲ့များကို အသွင်ပြောင်းလဲဖွဲ့စည်းရန် ယခုနှစ် စက်တင်ဘာလအထိ အချိန်ရှိကြောင်း တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များကို မြန်မာစစ်အစိုးရက ပြောခဲ့သည်" ဟု ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** အရာရှိတစ်ဦးက ပြောသည်။ **(Mizzima 060509)**
- ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်မြို့တွင် ယခင်က မြန်မာ့ဆက်သွယ်ရေးဌာနမှ တပ်ဆင်ထားပေးသည့် လိုင်းဖုန်း **GSM (moble)** ဖုန်းပြောခ ကုန်ကျငွေများကို တလလျှင် တကြိမ်သာ ပေးသွင်းခဲ့ရသော်လည်း လွန်ခဲ့သည့် လကုန်ပိုင်းက မြို့နယ်ဆက်သွယ်ရေးဦးစီးဌာနများ၏ အကြောင်းကြားစာအရ ယခုလမှစ၍ ၃ လစာ ကြိုတင်ပေးသွင်းကြရတော့မည်ဖြစ်ကြောင်း ဗန်းမော်မြို့ခံ ကိုထွန်းက ပြောသည်။ **(Mizzima 060509)**
- တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ တံတားမြို့မှ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းသည် လယ်မြေအားလုံးကို မေလဆန်းမှစ၍ လယ်သမားများထံမှ လယ်တဲပြင်ခအဖြစ် ကျပ် ၂ သောင်းမှ ၅ သောင်းအထိ အတင်းအဓမ္မ ကောက်ခံနေသည်။ **(Kaowao 060509)**
- နေပြည်တော် နိုင်ငံခြားရေးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမက် ဗိုလ်မှူး ဇော်ဖြိုးဝင်းကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်အဖြစ် မကြာခင်က ခန့်အပ်လိုက်သည်။ **(RFA 060509)**
- ဖြေ ၅ ရက်နေ့က ပဲခူးမြို့ အမှတ် ၈ ရပ်ကွက် ချင်စုမေဖလားဝါး အထပ်သားစက်ရုံ၌ အလုပ်လုပ်နေသည့် ကိုအောင်မျိုးသန့်သည် လုပ်ငန်းခွင်တွင် အပြင်းအထန် ဒဏ်ရာရခဲ့သော်လည်း လျော်ကြေးမရဟု ဆိုသည်။ **(RFA 060509)**
- ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့၏ ကျန်းမာရေး အခြေအနေ မကောင်းကြောင်း မိသားစုဝင်များနှင့် နီးစပ်သူများက ဆိုသည်။ **(RFA 060509)**
- နိုင်ငံတကာ အကူအညီပေးရေး **NGOs** တချို့ ပူးပေါင်းပါဝင်သည့် နယူးယောက် အခြေစိုက် အဖွဲ့တစ်ခုဖြစ်သော **Watchlist on Children and Armed Conflict** အဖွဲ့က မြန်မာနိုင်ငံ ကလေးသူငယ်များ ကြုံတွေ့နေရသည့် ဆိုးဝါးသည့်အခက်အခဲ အခြေအနေအကြောင်းကို အစီရင်ခံစာ တစ်စောင် ယနေ့က ထုတ်ပြန်လိုက်သည်။ **(Irrawaddy 060509)**

- မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ မူဆလင် ဘာသာဝင်များသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးပြောင်းရွှေ့သည့်နှုန်း ပြန်လည်မြင့်မားလာကာ ယခုအပတ်အတွင်း ထွက်ပြေးလာသူ ၆၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ **(Narinjara/ Mizzima 060509)**
- ယုဒ္ဓယခေတ် ရေးဗမာဘုရင်အနိုင်ကျင့်မှုကို အကြောင်းပြကာ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအပေါ် ခိုးမှု၊ ပစ္စည်းလုယက်မှု၊ ဓါးပြတိုက်မှုနှင့် မုဒိန်းကျင့်မှု ဆယ်ကြိမ်ထက်မနည်း ကျူးလွန်ခဲ့သည့် ထိုင်းအမျိုးသား ၂ ဦးအား ဖမ်းဆီးမိပြီဖြစ်ကြောင်း ထိုင်း **ASTV** က ဆိုသည်။ **(S.H.A.N 060509)**
- မေလ (၂) ရက်နေ့က မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ် တိန်းလုံ့ရွာနေ သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အဖွဲ့ဝင်ဟောင်း စိုင်းထွန်းမြတ်ကို ရဲများက ဖမ်းဆီးသတ်ဖြတ်လိုက်သည်။ **(S.H.A.N 060509)**
- ထိုင်းနိုင်ငံသို့ ဝင်ရောက်ရန် အခက်အခဲအမျိုးမျိုးကြောင့် သီတင်းတစ်ပတ်အတန်ကြာ ဘုရားသုံးဆူနယ်စပ် တစ်လျှောက် သောင်တင်နေသည့် မြန်မာအလုပ်သမားများ မိမိနေရပ်အသီးသီးသို့ ပြန်နေကြပြီဖြစ်သည်။ **(IMNA 060509)**
- မွန်ပြည်နယ်ကျေးရွာများတွင် ဝက်တုပ်ကွေးဆိုင်ရန် ကြေညာချက်များမရှိသော်လည်း ရေဒီယိုနှင့် တီဗွီများမှ တဆင့်ကြားသိရသည့်အတွက် ဝက်သားစားရန် ကြောက်ရွံ့နေကြသည်။ **(IMNA 060509)**

## မေလ (၇)

- မြန်မာအစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် ကရင်ခွဲထွက်များအားလုံး အလိုအလျောက် ပျောက်ကွယ်သွားမည့်အစီအစဉ်ကို နအဖမှ စနစ်တကျလုပ်ဆောင်နေသည်ဟု **KNU/ KNLA** ငြိမ်းချမ်းကောင်စီအဖွဲ့မှ ဗိုလ်မှူးစောလေးမူးက ပြောသည်။ **(NEJ 070509)**
- အမေရိကန်နိုင်ငံသား **Mr. John Willian Yeattaw** ဆိုသူသည် မေလ (၆) ရက်နေ့ နံနက် (၅) နာရီခွဲတွင် အင်းလျားကန်အတွင်း ကူးခတ်နေစဉ် စစ်ဆေးမေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်မှ ပြန်ထွက်လာခြင်းဖြစ်သည်ဟု နအဖသတင်းစာများတွင် ယနေ့ ရေးသားဖော်ပြထားသည်။ **(NEJ/ Irrawaddy/ Mizzima 070509)**
- မြန်မာနိုင်ငံ တောင်ပိုင်းရှိ မိုင်ပေါင်း (၁၈၀) ရှည်လျားသော ကန်ဘောက်–မြိုင်ကလေး **Gas Pipeline** သွယ်တန်းထားရာတလျှောက်ရှိ ရွာသူရွာသားများအား အဓမ္မလုပ်အားပေး ခိုင်းစေရာတွင် (၁၂) နှစ်အရွယ် ကလေးငယ်များလည်းပါဝင်ကြောင်း လူ့အခွင့်အရေးမြှင့်တင်ရေးအဖွဲ့ (မွန်ပြည်) **(HURFOM)** က အစီရင်ခံစာတစ်စောင်ထုတ်ပြန်လိုက်သည်။ **(NEJ 070509)**
- ယနေ့ နံနက် ၁၁ နာရီခန့်တွင် ရဲနယ်ထိန်း ဝင်းထွဋ်ဦး ဦးဆောင်သည့်အဖွဲ့က ကိုရဲထွဋ်ခေါင်အား ချဲစာရွက်များတွေ့သည်ဟု အကြောင်းပြ၍ နေအိမ်တွင် လာရောက်ဖမ်းဆီးသွားကြောင်း တွံတေးမြို့နယ် **NLD** တာဝန်ရှိသူများက ပြောသည်။ **(Mizzima 070509)**
- မန္တလေးတိုင်း ရမည်းသင်းမြို့ ဈေးကြီးရှိ ဒေါ်အေးကြည်နှင့် သားများ ပိုင်ဆိုင်သည့် ရွှေဆိုင်ကို ယမန်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် သေနတ်သမား ၃ ဦးက သေနတ် ၁၁ ချက် ပစ်ခတ်ပြီးနောက် ရွှေများကို လုယက်ခဲ့ရာ ဆိုင်ရှင်မိသားစု ၂ ဦး ဒဏ်ရာရရှိကာ ဒေသခံတစ်ဦး သေဆုံးခဲ့သည်။ **(Mizzima 070509)**
- မြန်မာနိုင်ငံဘက်မှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် ဘင်္ဂလားဒေ့ရှ် ဒေသအာဏာပိုင်များက လွှန်ခဲ့သည့် လကုန်ပိုင်းမှ စတင်ကာ အခွန်ငွေ တိုးမြှင့်ကောက်ခံလိုက်သည်။ **(Mizzima 070509)**
- ကမ္ဘာတဝန်းသို့ ပျံ့နှံ့နေသော **A/H1N1** တုပ်ကွေးရောဂါအား ကာကွယ်ဖြေရှင်းနိုင်ရန်အတွက် အာဆီယံနိုင်ငံများ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးကို ဘန်ကောက်မြို့၌ ယနေ့ စတင်ပြုလုပ်ရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီး တက်ရောက်ခြင်း မရှိကြောင်း **Bangkok Post** သတင်းစာတွင် ဖော်ပြထားသည်။ **(Irrawaddy 070509)**
- မဲဆောက်မှ ဘန်ကောက်သို့သွားမည့် ဟင်းသီးဟင်းရွက် တင်ဆောင်ထားသည့် ကားထဲတွင် ပုန်းအောင်းလိုက်ပါသွားသည့် မြန်မာနိုင်ငံသား (၉) ဦးသည် မဲဆောက်အထွက် ဟွေ့ဖွန်ကျေးရွာ စစ်ဆေးရေးဂိတ်တွင် ယမန်နေ့က ထိုင်းအာဏာပိုင်များက ဖမ်းဆီးမိခဲ့သည်။ **(Irrawaddy 070509)**
- မန္တလေးမြို့တွင် အင်အားပြင်းထန်သည့် လေနီကြမ်း မုန်တိုင်းငယ်တစ်ခု ယမန်နေ့ ညနေ ၄ နာရီဝန်းကျင်က တိုက်ခတ်ခဲ့သောကြောင့် အဆောက်အဦး ပြိုကျပျက်စီးကာ အနည်းဆုံး လူ ၃ ဦးခန့် ထိခိုက်ဒဏ်ရာ ရခဲ့သည်။ **(Irrawaddy 070509)**
- ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးနှင့်ပတ်သက်၍ ရှေ့နေတစ်ဦးအနေဖြင့် အာဏာပိုင်များကို တောင်းဆိုစရာရှိသည်ကို ဆက်လက်တောင်းဆိုသွားမည်ဖြစ်သည်။ **(RFA 070509)**

- လွန်ခဲ့သည့် ဧပြီလကုန်ပိုင်းက **NLD** တိုင်း၊ ပြည်နယ်စုံညီအစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် ထွက်ပေါ်လာသည့် တောင်းဆိုချက် ၃ ရပ်ပါ စာရွက်များ၊ သံဃာ့တပ်ပေါင်းစုနှင့် ၈၈ မျိုးဆက်ကျောင်းသားများက **NLD** ၏ ထုတ်ပြန်ကြေညာချက်ကို ထောက်ခံသည့် စာရွက်စာတမ်းများကို မေလ ၃ ရက်နေ့က ရွှေတိဂုံဘုရား ရင်ပြင်တော်၌ တူညီဝတ်စုံ ဝတ်ဆင်ထားသည့် လူငယ်တစ်စုက ဖြန့်ဝေခဲ့သည်။ **(RFA 070509)**
- တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် **DKBA** နှင့် မြန်မာစစ်အစိုးရ ပူးပေါင်းတပ်တို့ တစ်လနီးပါး ထိုးစစ်ဆင် တိုက်ခိုက်ကာ သိမ်းပိုက်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး **(KNU)**၏ ဝေါလေခီးစခန်းမှ **DKBA** တပ်များ ပြန်လည်ဆုတ်ခွာနေပြီးဟု ဆိုသည်။ **(NMG 070509)**
- ဧပြီလနောက်ဆုံးအပတ်က မွန်ပြည်နယ်ဘီးလင်းမြို့နယ်နေ မနန်းအေးခိုင် (၂၁) သည် အမျိုးသားသေဆုံးသည့်အပြင် မိခင်းလည်းဆေးရုံတက်နေရသည်ဟု အကြောင်းပြကာ တစ်နှစ်သားအရွယ်ရှိ သမီးငယ်အိအိခိုင်ကို ဖားအံမြို့နယ် ကျုံဖဲကျေးရွာမှ မိခင်မာဖြူအား ကျပ်ငွေ (၃) သောင်းဖြင့် ရောင်းစားခဲ့သည်။ **(Kaowao 070509)**

မေလ (၈)

- နအဖ စစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး ယူထားသော အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** အနေဖြင့် နိုင်ငံရေးပါတီထောင်ရန် မရှိကြောင်း ဗဟိုကော်မတီဝင် ဒေါက်တာလဂျာက ပြောသည်။ **(NEJ 080509)**
- နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်မြို့ တိုက်ခေါင်မိုးများပေါ်ရှိ ကြပ်ညှပ်နေသည့် ဂြိုလ်တုစလောင်းများ အားလုံးနီးပါး ပျက်စီးခဲ့ရာမှ ယခုအခါ နဂိုရှိပြီးသား အရေအတွက်၏ (၈၀) ရာခိုင်နှုန်းခန့် ပြန်လည်တပ်ဆင်ပြီးနေပြီကြောင်း မြို့ခံများက ပြောသည်။ **(NEJ 080509)**
- နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်၏ အင်းလျားကန်စောင်း နေအိမ်သို့ ရေကူးဝင်ရောက်ခဲ့မှုနှင့် မေလ ၆ ရက်နေ့က အဖမ်းခံခဲ့ရသည့် အမေရိကန်နိုင်ငံသားကို တွေ့ဆုံခွင့်ပေးရန် အကြိမ်ကြိမ် မေတ္တာရပ်ခံသော်လည်း မြန်မာစစ်အစိုးရက မသိကျိုးကျွံပြုလုပ်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ပြောသည်။ **(RFA 080509)**
- ရခိုင်ပြည်နယ် အနံ့အပြားတွင် အာဏာပိုင်များနှင့် ဆက်စပ်သည့် ကျွဲ၊ နွား ခိုးဂိုဏ်းများ အလွန်သောင်းကျန်းနေသဖြင့် ရခိုင်တောင်သူလယ်သမားများ ဒုက္ခရောက်နေကြသည်။ **(Narinjara 080509)**
- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှု အပါအဝင် ဆိုးရွားစွာဖြစ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂမှ ဝင်ရောက်စုံစမ်းပေးရန် ဗြိတိန် လွှတ်တော်အမတ် ၆၀ ကျော်က တောင်းဆိုလိုက်သည်။ **(DVB 080509)**
- လူပေါင်း ၁ သိန်းကျော် သေဆုံးပြီး ၂ သန်းနီးပါး အိုးအိမ်မဲ့ဖြစ်ခဲ့ရသည့် နာဂစ်မုန်တိုင်းသင့် ဒေသကူညီပေးရေးနှင့် ပတ်သက်၍ လူအင်အား ၉၅ ဦးပါဝင်သည့် ကျွမ်းကျင်သူများ ယနေ့ ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှု စတင်ပြုလုပ်နေပြီဟု သုံးပွင့်ဆိုင်အဖွဲ့က ကြေညာလိုက်သည်။ **(DVB 080509)**
- တရုတ်နယ်စပ်အခြေစိုက် အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို အင်အားလျှော့ချကာ နယ်စပ်ကာကွယ်ရေးတပ်အဖြစ် အသွင်ပြောင်းရန် စစ်အစိုးက ဖိအားပေးနေသကဲ့သို့ ထိုင်းနယ်စပ် အခြေစိုက် မွန်ပြည်သစ်ပါတီကိုလည်း ဖိအားပေးနေကြောင်း **NMSP** အတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ **(DVB 080509)**
- ကရင်နီပြည်နယ်ရှိ ဖရူဆို၊ ဖာဆောင်း၊ မော်ချီး စသည့်မြို့နယ်များ၌ စစ်အစိုးရမှ မှတ်ပုံတင်ကဒ်ပြားများ ထုတ်ဝေပေးမှုကြောင့် ပြည်သူအချို့ အကြွေးတင်နေသည်ဟု ကရင်နီပြည်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာနမှ အမှတ် (၂) ခရိုင် တွဲဖက်အတွင်းရေးမှူး နဲနယ်ဦးက ပြောသည်။ **(Kantarawaddy times 080509)**
- မန္တလေးတိုင်း ရမည်းသင်းမြို့ ဈေးအတွင်းရှိ ရွှေဆိုင်အား ယခုလ ၆ ရက်နေ့က သေနတ်ဖြင့် ပစ်ခတ်၍ ရွှေထည်ပစ္စည်းများ လုယက်ခဲ့သူ ၃ ဦးအနက် မသင်္ကာဖွယ် ၂ ဦးအား ယမန်နေ့ နေ့ခင်းပိုင်းတွင် ရဲက ဖမ်းဆီးမိခဲ့သည်။ **(Mizzima 080509)**
- မော်လမြိုင် အမှတ် (၁) အောက်ဈေးကြီး မီးလောင်သွားပြီးနောက် ဈေးသူဈေးသားများ ဈေးဆက်ရောင်းရန် နေရာအတည်တကျမရှိသည့်အတွက် ဈေးရောင်းသူသာမက ဈေးဝယ်သူများအတွက်ပါ အခက်ကြုံနေရသည်။ **(IMNA 080509)**

## မေလ (၉)

- လွန်ခဲ့သည့် ဧပြီလ ၂၈ ရက်နေ့က နအဖ အရာရှိကြီးများနှင့် ချိန်းထားသော်လည်း မတွေ့ဖြစ်သေးဟု ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးကိုင်ဖက ပြောသည်။ **(DVB 090509)**
- အာဏာပိုင်များက ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် လူငယ်တာဝန်ခံ ကိုအောင်ထွန်း အပါအဝင် နိုင်ငံရေးအကျဉ်းသား ၃ ဦးကို မိသားစုနှင့် ဝေးလံသည့် နယ်ထောင်များဆီ ထပ်မံပြောင်းရွှေ့လိုက်သည်။ **(DVB 090509)**
- စစ်တပ်က လယ်မြေများကို အဓမ္မသိမ်းသည်ကို နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် – **ILO** ထံ တိုင်ကြားပေးသဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံနေရသည့် ကိုဇော်ဌေး၏ မိသားစုဝင်နှင့် ဆွေမျိုးများအား အာဏာပိုင်များက ခြိမ်းခြောက်ကာ အလုပ်ဖြုတ်လိုက်သည်ဟု ဆိုသည်။ **(Mizzima 090509)**
- အခြေခံ လိုအပ်ချက်များအတွက် ရုန်းကန်နေရဆဲဖြစ်သည့် နာဂစ်မုန်တိုင်းသင့်ပြည်သူများအတွက် ထပ်မံလှူဒါန်းကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။ **(Mizzima 090509)**
- မြန်မာစစ်အစိုးရက လူသားမျိုးနွယ်အပေါ် ကျူးလွန်နေသော ရာဇဝတ်မှုများကို ကော်မရှင်ဖွဲ့၍ စုံစမ်းစစ်ဆေးရန်နှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကျပ်အတည်းနှင့် စပ်လျဉ်းသည့် ကိစ္စများကို 'ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိမှု' **R2P** မူ ချမှတ်ကျင့်သုံးရန် ဗြိတိသျှပါလီမန်အမတ် ၆၀ ကျော်က ကမ္ဘာ့ကုလသမဂ္ဂကို တောင်းဆိုလိုက်သည်။ **(Mizzima 090509)**
- ဗဟန်းမြို့နယ် ကန်ပတ်လမ်းနှင့် ဝင်္ကဘာလမ်းထောင့် (စာပေစိစစ်ရေးရုံးအနီး) တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏သား မောင်းနှင်လာသည့် ကားနှင့် အခြားကားတစ်စီးတို့ မေလ (၆) ရက်နေ့က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ အသက် (၅၀) နှစ်ခန့် လမ်းသွားလာသူတစ်ဦး သေဆုံးခဲ့သည်။ **(Mizzima 090509)**
- စောသမူဟဲ ဦးဆောင်သည့် ကရင်လက်နက်ချအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ **KPF** ဟောင်သရောအဖွဲ့ကို **Border Guard Force (BGF)** နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ညွှန်ကြားထားပြီးဖြစ်ကြောင်း အမည်မဖော်လိုသည့် **KPF** အရာရှိတစ်ဦးက ပြောသည်။ **(Kaowao 090509)**
- ဘင်္ဂလားဒေ့ရှ် နယ်စပ်နှင့် ဆက်စပ်နေသော ရခိုင်ပြည်နယ် အနောက်ဘက် နယ်စပ်တစ်လျှောက်တွင် ကာရံနေသော ခြံစည်းရိုးစီမံကိန်းတွင် လုံထိန်းတပ်သားများအား အလုပ်ကြမ်းများ စေခိုင်းနေသဖြင့် လုံထိန်းတပ်သားများအထူး စိတ်ပျက်နေကြသည်ဟု အမည်မဖော်လိုသည့် တပ်သားတစ်ဦးက ပြောသည်။ **(Narinjara 090509)**
- သုံးခွမြို့နယ်အတွင်း ဓာတ်မြေသြဇာဖိုး အကြွေးမပေးနိုင်သည့် လယ်သမားများထံမှ လယ်မြေနှင့် ကျွဲနွားများကို ကုမ္ပဏီက ဈေးဖြတ်နှိမ်ကာ လာရောက်သိမ်းယူသွားသဖြင့် လယ်သမားများနှင့် ဆေးကုမ္ပဏီအကြား ပြဿနာဖြစ်နေသည်။ **(RFA 090509)**

## မေလ (၁၀)

- မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များ ကိုယ်စားလှယ်အဖွဲ့ **AIPMC** အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကို စိုးရိမ်မိကြောင်းနှင့် သူမ၏ မိသားစုဆရာဝန်နှင့် တွေ့ခွင့်ပေးရန် လိုအပ်ကြောင်းတိုက်တွန်းပြောကြားလိုက်သည်။ **(RFA 100509)**
- မေလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **NDF** ဖွဲ့စည်းတည်ထောင်ခြင်း ၃၃ နှစ်မြောက် အခမ်းအနားတစ်ရပ်အား ထိုင်း-မြန်မာနယ်စပ်တွင် ပြုလုပ်ကျင်းပကာ ၂၀၁၀ ရွေးကောက်ပွဲကိုဆန့်ကျင်ကြရန် တိုက်တွန်းလိုက်သည်။ **(RFA 100509)**
- ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ထိစပ်နေသော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် နယ်စပ်သံဆူးကာရံသည့် စီမံကိန်းတွင် ဒေသခံပြည်သူများကို အဓမ္မစေခိုင်းမှုများ ရှိနေသည်။ **(RFA 100509)**

## မေလ (၁၁)

- ပြည်တွင်းဆားထုတ်လုပ်မှုကျဆင်းနေသဖြင့် ထိုင်းနိုင်ငံမှဆားများကို မဲဆောက်-မြဝတီနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှတဆင့် နေ့စဉ် ဆားတန်ချိန် (၅၀၀) ခန့် တင်သွင်းနေသည်။ **(NEJ 110509)**

- **HIV/ AIDS** ဝေဒနာရှင်များကို ကုသပေးနေသည့် မြောက်ဥက္ကလာပမြို့နယ် **HIV/ AIDS** အထူးကုဆေးရုံကြီးအား အစိုးရမှ ပြန်သိမ်းလိုက်ကာ ဆေးရုံတက် လူနာများအား မင်္ဂလာဒုံ အထူးကုဆေးရုံသစ်ဆီသို့ ဖွန့်လအတွင်း ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း ဝေဘာဂီမှ တာဝန်ကျဆရာဝန်တစ်ဦးက ပြောသည်။ **(NEJ 110509)**
- ဒေါက်တာတင်မျိုးဝင်းသည် မေလ (၇) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ ပုံမှန်ဆေးစစ်မှုများ ပြုလုပ်ရန် သွားရောက်ခဲ့သော်လည်း တွေ့ဆုံခွင့်မရခဲ့ဘဲ ညနေပိုင်းအိမ်သို့ ပြန်အရောက် အာဏာပိုင်များက လာရောက်ခေါ် ဆောင်သွားကာ မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို ယခုချိန်ထိ မသိရသေးကြောင်း **NLD** ပြောခွင့်ရ ပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ/ Irrawaddy 110509)**
- ရောဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်းရှိ ချောင်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လက်အောက်ခံ ငါးလုပ်ငန်းဦးစီးဌာနက လေလံပေးနေသဖြင့် ဒေသခံများ ရှာဖွေစားသောက်ရန် အခက်အခဲဖြစ်နေကြသည်။ **(NEJ 110509)**
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း အမေရိကန် နိုင်ငံခြားသားတစ်ဦး ဝင်ရောက်မှု သတင်းနှင့်အတူ သူ၏ ဓာတ်ပုံကို ဖော်ပြခွင့်ရရေးအတွက် ပြည်တွင်းရှိ သတင်းတိုက်များ စောင့်ဆိုင်းနေကြသည်။ **(Mizzima 110509)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ယခုလ ၅ ရက်နေ့က ဆွမ်းလောင်း လှူခဲ့သည့် ရန်ကုန်တိုင်း တွံတေးမြို့ အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်ဝင် လူငယ် ၃ ဦး၏ နေအိမ်သို့ အာဏာပိုင်များက စုံစမ်းမေးမြန်းမှုများ ယနေ့ ပြုလုပ်ခဲ့သည်။ **(Mizzima 110509)**
- ရခိုင်ပြည်နယ် မောင်တောမြို့အပိုင် ကျောက်လဲကျေးရွာမှ ၇ နှစ်သမီးအရွယ် မိန်းကလေးတစ်ဦး ယခုလ ၇ ရက်နေ့ က နအဖ စစ်သားတစ်ဦးမှ မုဒိန်းကျင့်ခဲ့သည်။ **(Mizzima 110509)**
- ရောဝတီတိုင်း လပွတ္တာမြို့ ၅ ရပ်ကွက် အောင်မင်္ဂလာလမ်းကဈေးကို သက်ဆိုင်ရာ အာဏာပိုင်များက ကမ်းနားလမ်းရှိ သဲပုံဆိပ်သို့ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခဲ့ရာ မပြောင်းသည့် ဈေးသည်များကို စည်ပင်ဝန်ထမ်း များက ဆိုင်ဖျက်သိမ်းကာ သချိုင်းကုန်းသို့ သွားစွန့်ပစ်နေသည်။ **(DVB 110509)**
- လွန်ခဲ့သည့်အပတ်က မြန်မာနိုင်ငံမှ နှင်ထုတ်ခံလိုက်ရသည့် အမေရိကန်နိုင်ငံသား သတင်းသမား ၂ ဦးဖြစ်သည့် သတင်းစာဆရာမ မစ္စက်ကရင်ကုတ်စ်နှင့် သူ့မ၏အမျိုးသား ဓာတ်ပုံသတင်းစာဆရာ ဂျယ်ရီဖန်းတို့သည် သူတို့ နှင်ထုတ်ခံခဲ့ရသည့်အကြောင်းနှင့်ပတ်သက်၍ ယမန်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ သတင်းစာရှင်းလင်းပွဲတစ် ရပ် ပြုလုပ်ခဲ့သည်။ **(DVB 110509)**
- အရေးပေါ် ဆေးကုသမှု လိုအပ်နေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ မိသားစု ဆရာဝန် ဒေါက်တာပြုံးမိုအိက မေလ ၁၀ ရက်နေ့၌ ဒုတိယအကြိမ် ထပ်မံတွေ့ခွင့်ရခဲ့သည်။ **(RFA 10509)**
- မကြာခင်က မကွေးတိုင်း ရေစကြိုမြို့အခြေစိုက် ခလရ (၂၅၆) တပ်ရင်းပိုင် စစ်လက်နက်တိုက် အဖောက်ခံရသည့် ကိစ္စနှင့် ပတ်သက်၍ တပ်ရင်း အရာရှိ ၂ ဦးအပါအဝင် တပ်သား ၁၆ ဦးကို စစ်အစိုးရ အဆင့်မြင့် အာဏာပိုင်များမှ ဖမ်းဆီးစစ်ဆေးခဲ့ရာ ယမန်နေ့က တပ်ကြပ်ကြီးတစ်ဦး သေဆုံးခဲ့သဖြင့် တပ်တွင်းမိသားစုများ မကျေမနပ်ဖြစ်ကာ ဆန္ဒပြမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ **(RFA 110509)**
- ရခိုင်ပြည်နယ် အနောက်ဘက် နယ်စပ်မြို့ မောင်တောတွင် မြန်မာစစ်အစိုးရ အရာရှိများမှ ဒေသခံမူဆလင် စီးပွား ရေးသမားများနှင့် ပူးပေါင်းကာ ရခိုင်စီးပွားရေးသမားများကို အနိုင်ကျင့်မှုများ ပြုလုပ်နေသည်။ **(Narinjara 110509)**
- မော်လမြိုင်မြို့ပေါ်တွင် အစိုးရရုံးများနှင့် အခြားသောအစိုးရနှင့် ပူးတွဲထားသည့်ရုံးများကလွဲ၍ တမြို့လုံးမီးပျက်နေ သည်မှာ တစ်ပတ်လောက် ကြာနေပြီဖြစ်သည်။ **(IMNA 110509)**
- ထောင်တွင်းသေဆုံးသူများမပါဘဲ နိုင်ငံရေးအကျဉ်းကျနေသူ အနည်းဆုံး ၁၂၇ ဦး လက်ရှိ ကျန်းမာရေးဆိုးဝါးနေ ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) **AAPP-B** က ဆိုသည်။ **(Earth Times/ VOB 110509)**
- ဘုရားသုံးဆူမြို့ နယ်စပ်ရှိ မြန်မာဘုန်းတော်ကြီးကျောင်း (၅) ကျောင်းတွင် သီတင်းသုံးနေသော သံဃာတော်များ အားလုံး မေလ ၁၂ ရက်နေ့တွင် သက်ဆိုင်ရာ ကျောင်းအသီးသီးမှ ထွက်ခွာပေးရန် ဒေသခံအာဏာပိုင်များမှ အမိန့်ထုတ်လိုက်သည်။ **(Kaowao 110509)**

မေလ (၁၂)

- ❑ လွန်ခဲ့သည့် ဧပြီလ (၁၈) ရက်နေ့က မွန်ပြည်သစ်ပါတီ ခရိုင်ကော်မတီဝင် ဒေါက်တာနိုင်မင်းနောင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရပြီးနောက် ယခုလ (၈) ရက်နေ့က မြို့နယ် ကော်မတီဝင်တစ်ဦးဖြစ်သည့် နိုင်ရာဇာသည် သေနတ် (၆) ချက်တိတိ ပစ်ခတ်ခံခဲ့ရသော်လည်း ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်လာခဲ့သည်။ **(NEJ 120509)**
- ❑ နေပြည်တော်တွင် နိုင်ငံပိုင်မြေနှင့် အဆောက်အဦး (၉၈) ခုကို ပုဂ္ဂလိကများထံ ရောင်းချရန် နအဖစစ်အစိုးရက ဈေးပြိုင်ချိပ်ပိတ်တင်ဒါ ခေါ်ယူခဲ့ရာတွင် ပွင့်လင်းရိုးသားမှုမရှိကြောင်း တင်ဒါတင်သွင်းခဲ့သူ ကုန်သည်ကြီးတစ်ဦးက ပြောသည်။ **(NEJ 120509)**
- ❑ လျှပ်စစ်ဓာတ်အား ဖြန့်ခွဲပေးရာတွင် လာဘ်ငွေယူခဲ့ကြောင်း တိုင်ကြားခံရသောကြောင့် ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အရာရှိဝန်ထမ်းအချို့ အရေးယူခံရသည်ဟု ဗိုလ်တစ်ထောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ **(NEJ 120509)**
- ❑ နေအိမ်အကျယ်ချုပ် ချခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေသည် မြန်ကောင်းမွန်လာသော်လည်း ရေရှည်ကျန်းမာရေးအတွက် စစ်ဆေးရန် လိုအပ်နေသေးကြောင်း **NLD** က ပြောသည်။ **(Irrawaddy 120509)**
- ❑ မြန်မာစစ်အစိုးရက ကျေးလက်ချေးငွေစနစ် အတွင်းသို့ ငွေများထည့်သွင်းပေးခြင်း မပြုလျှင် တိုင်းပြည်၏ ကျေးလက် စီးပွားရေးစနစ်သည် ပျက်စီးပြိုလဲဖွယ်ရှိသည်ဟု စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။ **(Mizzima 120509)**
- ❑ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းသည် ယခုလ ၇ ရက်နေ့က ဖမ်းဆီးခံရကာ ယမန်နေ့က ၁၄ ရက် ရမန်ဖြင့် ချုပ်နှောင်ခံနေရသည့်အတွက် လုံခြုံရေး စိုးရိမ်နေရကြောင်း **NLD-LA** က ပြောသည်။ **(Mizzima 120509)**
- ❑ ဒေါ်အောင်ဆန်းစုကြည်ကို တားမြစ်ထားသည့် ကိစ္စရပ်များမှအပ ကျန်အခွင့်အရေးများကို ခွင့်ပြုရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ စစ်အစိုးရကို ဥပဒေကြောင်းအရ ထောက်ပြတောင်းဆိုလိုက်သည်။ **(RFA 120509)**
- ❑ ပြည်ပအခြေစိုက် တိုင်းရင်းသားအဖွဲ့အစည်း၊ အမျိုးသမီးအဖွဲ့အစည်းနှင့် နိုင်ငံရေးအဖွဲ့အစည်း ၇ ဖွဲ့က ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး၊ လုံခြုံရေး အခြေအနေများ စိုးရိမ်နေရသောကြောင့် ကုလသမဂ္ဂအနေဖြင့် ဝင်ရောက်စစ်ဆေး အကာအကွယ်ပေးရန် ယနေ့ တောင်းဆိုလိုက်သည်။ **(RFA 120509)**
- ❑ မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ခမရ (၄၁၉) တွင် တာဝန်ထမ်းဆောင်သော အရာခံဗိုလ် ဗိုလ်စိုးမိုးဦးသည် အိမ်ပြန်ခွင့် ခွင့်ရက် (၄) ကျော်သွားသဖြင့် ပြစ်မှုအတွက် တပ်ဥပဒေအရ အရေးမယူဘဲ ညှဉ်းပန်းနှိပ်စက်နေသည်ဟု မိသားစုဝင်များက ပြောသည်။ **(RFA 120509)**
- ❑ အပစ်ခတ်ရပ်စဲထားအသည့်အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင် ပြင်ဆင်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ စစ်အစိုးရ၏ အဆိုပြုချက်ကို အပစ်ရပ်အဖွဲ့အများစုက လိမ္မာပါးနပ်စွာ ငြင်းပယ်လိုက်သည်။ **(RFA 120509)**
- ❑ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေနှင့် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို ထိန်းသိမ်းထားသည်ဆိုသည့် သတင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရအနေဖြင့် စိုးရိမ်ပူပန်မိကာ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်း ဆေးဝါးကုသခွင့်ပေးရန် အမေရိကန်နိုင်ငံခြားရေးဌာနမှ မေလ ၁၁ ရက်နေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 120509)**
- ❑ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများကို စနစ်တကျညှဉ်းပန်းနှိပ်စက်နေခြင်းသည် ရက်စက်သောလူသတ်နည်းတစ်မျိုး ဖြစ်သည့်အတွက် နအဖအာဏာပိုင်များ၏ လုပ်ရပ်များအား ချက်ချင်းရပ်တန့်ရန် **AAPP-B** က တောင်းဆိုလိုက်သည်။ **(NEJ/ Irrawaddy 120509)**
- ❑ ပဲခူးမြို့ပေါ်တွင် နိုင်ငံသားမှတ်ပုံတင်မရှိသည့် ဟိန္ဒူနှင့် တမီးလ် လူမျိုးများကို ယခုလဆန်းပိုင်းမှစ၍ မှတ်ပုံတင်ထုတ်ပေးနေသည်ဟု ပဲခူးမြို့ခံတစ်ဦးက ပြောသည်။ **(DVB 120509)**
- ❑ စစ်တွေနှင့် အမ်းအကြား ဖောက်လုပ်နေသည့် ရထားလမ်းအတွက် လယ်မြေကော အများအပြားကို သက်ဆိုင်ရာ စစ်တပ် အာဏာပိုင်များမှ သိမ်းယူနေသည်။ **(Narinjara 120509)**
- ❑ ၂၀၁၀ ရွေးကောက်ပွဲအတွက် အဓိကအဟန့်အတားဖြစ်သည့် လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များအား စည်းရုံးသိမ်းသွင်းရန် မကြာခင်က ပြုလုပ်ပြီးစီးသွားသည့် နေပြည်တော် အစည်းအဝေးတွင် ကစထ ခေါ် **BSO** မှူးများ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ **(S.H.A.N 120509)**

**BSO 1 -** ဒုတိယဗိုလ်ချုပ်ကြီးသာအေး (ယခင် **BSO 4**) ထိန်းချုပ်နယ်မြေ ကချင်၊ စစ်ကိုင်းနှင့် မန္တလေးတိုင်း၊
**BSO 2 -** ဗိုလ်ချုပ် မင်းအောင်လှိုင် (မပြောင်းလဲ) ထိန်းချုပ်နယ်မြေ သျှမ်းပြည်နှင့် ကယားပြည်၊
**BSO 3 -** ဒုတိယဗိုလ်ချုပ်ကြီး ကိုကို (မပြောင်းလဲ) ထိန်းချုပ်နယ်မြေ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း၊
**BSO 4 -** ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော် (ယခင် **BSO 6**) ထိန်းချုပ်နယ်မြေ ကရင်၊ မွန်နှင့် တနင်္သာရီတိုင်း၊
**BSO 5 -** ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ (မပြောင်းလဲ) ထိန်းချုပ်နယ်မြေ ရန်ကုန်တိုင်းနှင့် နေပြည်တော်၊
**BSO 6 -** ဗိုလ်ချုပ် အုန်းမြင့် (ယခင် **BSO 1**) ထိန်းချုပ်နယ်မြေ ရခိုင်၊ မကွေး နှင့် ချင်းပြည်၊

- သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ကျေးလက်ပြည်သူလူထုအား အရံမီးသတ်တပ်ဖွဲ့နှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းထဲ မဝင်မနေရဟု အာဏာပိုင်များမှ ဆင့်ခေါ်ကာ အရံမီးသတ်ဟုနာမည်ပေး၍ ပြည်သူ့စစ်ကဲ့သို့ စစ်သင်တန်းများ လေ့ကျင့်ပေးနေသည်။ **(S.H.A.N 120509)**
- ဝ နယ်အတွင်း သန်းခေါင်စာရင်းဆင်းကောက်သည့် နအဖ ဌာနဆိုင်ရာဝန်ထမ်းများ ဝနယ် ခိုဆုန်ဂိတ်၌ သောင်တင်နေစဉ် မဖွယ်မရာကိစ္စကြောင့် အချင်းချင်းခိုက်ရာ ဖြစ်ပွားခဲ့သဖြင့် ဝလုံခြုံရေးတပ်မှ ဝင်ရောက်ဖြန်ဖြေပေးစဉ် စရဖ အရာရှိတစ်ဦး ထိုးကြိတ်ခံလိုက်ရသည်။ **(S.H.A.N 120509)**
- ထိုင်းနိုင်ငံ ချွန်းဖွန်း **(Chumphon)** ခရိုင် ပက်နမ်း(မ်) ဒေသမှ ဒေသခံရဲများသည် မြန်မာအလုပ်သမားများကို ဖုန်းကိုင်ခွင့်ပိတ်ပင်ထားကာ တွေ့ရှိပါကလည်း သိမ်းယူလိုက်သည်ဟု ဖုန်းအသိမ်းခံရသူ အလုပ်သမားများက ပြောသည်။ **(IMNA 120509)**
- မွန်ပြည်နယ် ပိုင်ကမာကျေးရွာတွင် **DKBA** စစ်သားတစ်ဦး၏ သတိမဲ့မှုကြောင့် သေနတ်မှ အလိုအလျောက် မတော်တဆ မောင်းပြုတ်သွားကာ အရပ်သား ၄ ဦး ထိမှန်ခဲ့ကာ ၁ ဦး သေဆုံးခဲ့သည်။ **(IMNA 120509)**
- နာဂစ်မုန်တိုင်း ဒုက္ခသည်များကို ကူညီထောင်ပံ့ရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂမှာ ငွေကြေး လျော့နည်းပြတ်လပ်လာနေသဖြင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ အခက်တွေ့နေရသည်ဟု ဆိုသည်။ **(Earth Times/ VOB 120509)**

မေလ (၁၃)

- မြန်မာနိုင်ငံတွင် မုတ်သုန်ရာသီကျရောက်တော့မည်ဖြစ်သဖြင့် နာဂစ်မုန်တိုင်းသင့် ဒုက္ခသည်များ နောက်ထပ် အသေအပျောက်မဖြစ်စေရန် နိုင်ငံတကာမှ အကူအညီများ တိုးမြှင့်ပေးအပ်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂက ပြောကြားလိုက်သည်။ **(NEJ 130509)**
- မြန်မာနိုင်ငံ၌ **AIDS** ဖြစ်ပွားမှုနှုန်း တိုးတက်လျက်ရှိရာ ယခုအခါ **HIV** ကူးစက်နေသူ (၅) သိန်းခွဲခန့်ရှိကာ ဝေဒနာခံစားနေရသူ ဆင်းရဲသားလူနာများအတွက် နိုင်ငံတော်၏ **ARV** ဆေးဝါးထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အနိမ့်ဆုံး အခြေအနေရောက်နေကြောင်း လေ့လာဆန်းစစ်သူများက ပြောသည်။ **(NEJ 130509)**
- ၂၀၁၀ ရွေးကောက်ပွဲဝင်မည့် ပြည်နယ်၊ တိုင်းများတွင် ကြံ့ဖွံ့အသွင်ပြောင်း နိုင်ငံရေးပါတီ ဖွဲ့စည်းရန် နေပြည်တော်ဝန်ကြီးအချို့အား ရာထူးမှ နုတ်ထွက်ခိုင်းကာ နိုင်ငံရေးလိုင်းဝင်ရမည့် ဝန်ကြီးများစာရင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်လည်း ပါဝင်သည်ဟု ဆိုသည်။ **(NEJ 130509)**
- ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ တိုးတက်လာ၍ စိုးရိမ်စရာ မရှိသော်လည်း ဆက်လက်စမ်းသပ်စစ်ဆေးရန် လိုအပ်သည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ/ Mizzima 130509)**
- ထိုင်းနိုင်ငံ တောင်ပိုင်းရှိ မြန်မာအလုပ်သမားများ နေထိုင်အလုပ်လုပ်နေကြသည့် ချုံဖော်မြို့ ပါ့နန်းအရပ်တွင် မြန်မာနိုင်ငံမှ နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်နှင့် မော်ဒယ်များ ဖြစ်ကြသော ဘုန်းသျှန်၊ ဆုပန်ထွာ၊ ရခိုင်စတူရီယိုတေးသံရှင် ယုယုလှိုင် ခေါ် ဂျူးဂျူးနှင့် တွင်ကယ်လ်တို့က စင်မြင့်ဖျော်ဖြေပွဲတစ်ရပ်အား လွန်ခဲ့သည့် စနေနေ့ညက လာရောက်ပြုလုပ် ကျင်းပသွားခဲ့သည်။ **(Irrawaddy 130509)**
- ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ တိတ်တဆိတ် ခိုးဝင်ခဲ့ကာ ဖမ်းဆီးခံရသည်ဟု ဆိုသော အမေရိကန်နိုင်ငံသား **Mr. John Willian Yeattaw** အကြောင်းကို လူများပြောနေဆဲဖြစ်ကာ အင်တာနက် စာမျက်နှာတချို့တွင် ဒေါ်အောင်ဆန်းစုကိုလည်း တိုက်ခိုက်ရေးသားနေသည်။ **(Irrawaddy 130509)**
- မြန်မာနိုင်ငံတွင် ဂျီမေးလ် အပါအဝင် အင်တာနက်အသုံးပြုသူများအား ကူညီ၍ အီးမေးလ်လိပ်စာ အသစ်ဖွင့်ခြင်းများ မပြုလုပ်ရန် အာဏာပိုင်များက သတိပေး ညွှန်ကြားထားသည်ဟု ရန်ကုန်မြို့ရှိ အင်တာနက် **CAFE** ဆိုင်ရှင်အချို့နှင့် အင်တာနက် အသုံးပြုသူများက ပြောသည်။ **(Irrawaddy 130509)**

- ကရင်ပြည်နယ် သံတောင်မြို့နယ် ဘောကလိကျေးရွာ အုပ်စုမှ အမှတ် ၅ စစ်ဆင်ရေးနှင့် ကွပ်ကဲရေး ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကောင်းမြတ်သည် မေလ ၁၁ ရက်နေ့က ကရင်လွတ်မြောက်ရေးတပ်နှင့် ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် ကျဆုံးခဲ့ သည်ဟု **KNU** အတွင်းရေးမှူး (၁) ဗိုလ်မှူး စောလှငွေက ပြောသည်။ **(Mizzima/ Irrawaddy 130509)**
- ရေစကြိုမြို့ အခြေစိုက် စစ်တပ်မှ လက်နက်တိုက်ဖောက်ခံခဲ့ရမှုနှင့် ပတ်သက်၍ မေလ (၇) ရက်နေ့က အာဏာပိုင်များမှ ဒေသခံများကို စစ်ဆေးမှုများပြုလုပ်နေရာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဇော်ဝင်းမောင်အား သုံးရက်ကြာ စစ်ဆေးကာ ပြန်လွှတ်လာစဉ် ညှဉ်းပန်းနှိပ်စက်ခံရသည့်ဒဏ်ကြောင့် စိတ်ဖောက်ပြန်သွားသည်ဟု မိသားစုနှင့် နီးစပ်သူမြို့ခံများက ပြောသည်။ **(Yoma3 130509)**
- လွန်ခဲ့သည့် မေလ ၁၂ ရက်နေ့က စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံမှ တရားသူကြီးချုပ် အပါအဝင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ကာ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် မှန်မှန်ကန်ကန် တရားစီရင်နိုင်ရန် လိုအပ်ကြောင်း ညွှန်ကြားလိုက်သည်။ **(RFA 130509)**
- ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင့်ကြီးနှင့် ရှောက်ခုံ ကျေးရွာသားများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ စစ်သားများက လုပ်အားပေး စေခိုင်းနေကြောင်း အမည်မဖော်လိုသည့် ကျောင်းဆရာတစ်ဦးက ပြောသည်။ **(Narinjara 130509)**
- မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်အနီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လေတပ်နှင့် ရေတပ်မှ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသည်။ **(Narinjara 130509)**
- သျှမ်းပြည် ဒေသအသီးသီး အခြေစိုက်သော စစ်တပ်များမှ အရာရှိများက ဘိန်းခြံခွန်ကောက်ကာ ဘိန်းစိုက်ခိုင်း/ စိုက်ခွင့်ပေးသော်လည်း စစ်အစိုးရနယ်လှည့်စစ်ကြောင်းများက ဘိန်းစိမ်းတွေ့လျှင် ဖမ်းဆီးဒဏ်ရိုက်သောကြောင့် ခေတ်ပညာဖွံ့ဖြိုးမှု မရှိသည့် ကျေးလက်ပြည်သူများ ပိုမိုဒုက္ခရောက်နေကြသည်။ **(S.H.A.N 130509)**
- ဖေဖော်ဝါရီလ နှောင်းပိုင်းက တရုတ်လေ့ တစ်စင်းပစ်ခတ်ခံရမှုကြောင့် ရွှေတြိဂံဒေသ ဘိန်းရာဇာနော်ခမ်းအဖွဲ့ကို စစ်အစိုးရက လိုက်လံချေမှုန်းရင်း နော်ခမ်းနှင့် အဆက်အသွယ်ရှိသူဟု မသင်္ကာ၍ ဖမ်းဆီးခဲ့သည့် လူ ၂၀ ကျော် အနက် အများစုကို အာမခံကြေးဖြင့် ပြန်လွှတ်ပေးလိုက်သည်။ **(S.H.A.N 130509)**
- မွန်ပြည်နယ်အတွင်း စီးပွားရေးကျဆင်းမှုကြောင့် ၂၀၀၉–၂၀၁၀ ပညာသင်နှစ်အတွက် ကျောင်းသားမိဘများက သားသမီးများကို ဘော်ဒါဆောင်တွင် မထားနိုင်ကြဟု ဆိုသည်။ **(IMNA 130509)**
- ယခုနှစ်အတွင်း ကြက်ဆူပင်များ ပြန်လှည့်စိုက်ပျိုးနိုင်ရန်အတွက် မြန်မာစစ်အစိုးရမှ ကရင်နီပြည် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မျိုးစေ့များ အတင်းအဓမ္မ ကောက်ခံနေသည်ဟု ဒေသခံရွာသားများက ပြောသည်။ **(Kantarawaddy Times 130509)**

မေလ (၁၄)

- ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသော ဘေးအန္တရာယ် ပုဒ်မ (၂၂) ရာဇသတ်ကြီး ပုဒ်မ (၁၀၉) ဖြင့် နအဖစစ်အစိုးရက အင်းစိန်ထောင်အထူးတရားရုံးတွင် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း အမှုလိုက် ရှေ့နေတစ်ဦးဖြစ်သူ ဦးအောင်သိန်းက ပြောသည်။ **(NEJ/ Irrawaddy/ DVB/ Mizzima/ RFA 140509)**
- ရောဂါ၏ နောက်ဆုံးအခြေအနေဖြင့် ဆေးရုံသို့ ရောက်ရှိလာသော **HIV/ AIDS** ဝေဒနာရှင်များတွင် ဆေးမြီးတို ဗီးစပ်ရွက် အလွန်အကျွံ သောက်သုံးထားသည့် လက္ခဏာများအား တွေ့ရှိရကြောင်း **HIV** အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ) မှ ဆရာဝန်တစ်ဦးက ပြောသည်။ **(NEJ 140509)**
- မူဆယ်အခြေစိုက် နအဖ စစ်ခေါင်းဆောင်တို့၏ သားသမီးများပိုင် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ခေါင်းပုံဖြတ် အမြတ်ထုတ်နေသောကြောင့် တရုတ်နိုင်ငံသို့ ငါးရှဥ့်တင်ပို့သည့်လုပ်ငါးသည် မှောင်ခိုဈေးကွက်ဖြစ်လာနေသည်ဟု ဆိုသည်။ **(NEJ 140509)**
- ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်သို့ ပို့ကာ ထောင်တွင်း တရားရုံးတွင် တရားစွဲဆိုလိုက်သည်ဟူသော သတင်းကြောင့် ရန်ကုန်မြို့ခံများက အံ့အားသင့်နေကြသည်။ **(Irrawaddy 140509)**
- စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းသည် ၂၀၁၀ ရွေးကောက်ပွဲ အကြိုမဲဆွယ်စည်းရုံးလှုပ်ရှားမှုများကို မန္တလေး တိုင်း မြို့နယ်များအတွင်း မေလ ၁၁ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ **(Irrawaddy 140509)**

- ရွေးကောက်ပွဲဝင်ရန် နိုင်ငံရေးပါတီ ထောင်လိုသူ တစ်ဦးဖြစ်သော အသက် ၇၃ နှစ်အရွယ် ဦးရဲထွန်းသည် **Pancytopenia** ခေါ် သွေးဖြူဥ၊ သွေးနီဥ လျော့ပါးကျဆင်းသည့် ဝေဒနာခံစားနေရသဖြင့် စင်္ကာပူနိုင်ငံတွင် ဆေးကုမှု ခံယူနေသည်။ **(Mizzimz 140509)**
- နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် လက်ရှိ အစွပ်စွဲခံနေရသူ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် ကနေဒါနိုင်ငံခြားရေးဝန်ကြီး **Peter Kent** မှ တောင်းဆိုလိုက်သည်။ **(OTTAWA/ VOB 140509)**
- ဒေါ်အောင်ဆန်းစုကြည်အား အကြောင်းမခိုင်လုံဘဲ တရားစွဲရန် ခေါ်ဆောင်သွားခြင်းမှလွှတ်ရန် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ **Hilary Clinton** က တောင်းဆိုလိုက်သည်။ **(WTN/ VOB 140509)**
- စစ်တွေ–အမ်း ရထားလမ်းတွင် ပါဝင်သော စစ်တွေမြို့နှင့် နည်းပညာတက္ကသိုလ်အကြား ရထားလမ်းပိုင်းကို ဖေါက်လုပ်ရာတွင် အလုပ်သမားများကို ငွေကြေးတစုံတရာမပေးဘဲ အချိန်ပို ခိုင်းစေနေသည်။ **(Narinjara News 140509)**
- ကရင်နီပြည်တွင် အရှားပါးဆုံး သစ်အမျိုးအစား တစ်မျိုးဖြစ်သည့် (ကျွန်းရွှေဝါ) သစ်များကို ဦးတေဇပိုင်ဆိုင်သော ထူးကုမ္ပဏီက ကရင်နီအပစ်ခတ်ရပ်အဖွဲ့အား လာဘ်ထိုးကာ ခုတ်ယူတင်ပို့လျက်ရှိရာ ယခုနှစ်ခုတ်ယူတင်ပို့ ရောင်းချမှုသည် ယခင်နှစ်ထက် ပိုမိုများပြားကြောင်း စစ်အစိုးရ သစ်တောရေးဌာနနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Kantarawaddy Times 140509)**
- ကရင်နီပြည် အပစ်ရပ်ဒေသ ဟွေ့ပူလောင်းကျေးရွာတွင် ကျန်းမာရေးပိုင်းဆိုင်ရာ ဆေးဝါးပစ္စည်း အကျပ်အတည်းနှင့် ဆရာ၊ မများ မလုံလောက်မှုကြောင့် ဒေသခံပြည်သူများ ငှက်ဖျားပိုးရောဂါ ဖြစ်ပွားမှု ပိုမိုများပြားလာသည်။ **(Kantarawaddy Times 140509)**

မေလ (၁၅)

- ပြီးလ ၁၆ ရက်နေ့က သျှမ်းပြည်အလယ်ပိုင်း ပိုင်းကိုင်အခြေစိုက် ခမရ ၅၁၄ မှ နအဖ စစ်ဗိုလ် ၄ ဦးသည် အရပ်ဝတ်ဖြင့် မြို့လယ်လမ်းမပေါ် အရက်မူးရမ်းကားရာမှ မြို့ခံ အရပ်သားလူငယ်များနှင့် ပြဿနာတက်သဖြင့် လူငယ် ၈ ဦးကို တပ်ထဲအထိ ဖမ်းဆီးခေါ်ဆောင်သွားကာ သေလုမျောပါးအထိ ထိုးကြိတ်ရိုက်နှက်ခဲ့ကြောင်း မြို့ခံများက ပြောသည်။ **(S.H.A.N 150509)**
- နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားသည့် သတင်းနှင့် ပတ်သက်၍ မြန်မာပြည်သားအများစုမှာ ပြည်ပရေဒီယိုအသံလွှင့် သတင်းများကို စိတ်ဝင်တစား စောင့်မျှော်နားထောင် နေကြကြောင်း ရန်ကုန်မြို့ရှိ သတင်းထောက်များက ပြောသည်။ **(Irrawaddy 150509)**
- နော်ဝေးနိုင်ငံအခြေစိုက် ဒီမိုကရက်တစ် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များအပါအဝင် ဒေါ်အောင်ဆန်းစုကြည်အကြောင်းအား မဲဆောက်အခြေစိုက် **STV** ရုပ်မြင် သံကြားလိုင်းမှ ထပ်ဆင့်ထုတ်လွှင့်ပေးသဖြင့် မဲဆောက်ဒေသတွင်းရောက် သိန်းနှင့်ချီသည့် မြန်မာနိုင်ငံသားများ အားပေးကြည့်ရှုနေကြသည်။ **(NEJ 150509)**
- ယနေ့နံနက် (၁၁) နာရီတွင် မလေးရှားရောက် **NLD** အဖွဲ့ဝင်များ၊ **DPNS** အဖွဲ့ဝင်များနှင့် **BWRPC** အဖွဲ့ဝင်များ ပူးပေါင်း၍ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေး လှုပ်ရှားဆန္ဒပြမှုတစ်ရပ်ကို မြန်မာသံရုံးနှင့် အမေရိကန်သံရုံးရှေ့တွင် ပြုလုပ်ခဲ့သည်။ **(NEJ 150509)**
- ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုရန် အင်းစိန်ထောင်အကျဉ်းထောင်တွင် ထိန်းသိမ်းလိုက်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက နအဖစစ်အစိုးရအား တိုက်တွန်းလိုက်လျက်ရှိသည်။ **(NEJ 150509)**
- မေလ ၁၂ ရက်နှင့် ၁၃ ရက်နေ့တွင် တာချီလိတ်မြို့၌ ထိုင်းနှင့် မြန်မာနိုင်ငံအကြား တယ်လီဖုန်းဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများကို မြန်မာအာဏာပိုင်များက ဝင်ရောက်စစ်ဆေးကာ အချို့ဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့ကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ **(NEJ 150509)**
- ကချင်ပြည်နယ် မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦးသည် ယခုလ (၈) ရက်နေ့ညက ထောင်ဖောက်ထွက်ပြေးလွတ်မြောက်သွားကာ ယခုအချိန်ထိ ဖမ်းမမိသေးကြောင်း ထောင်ဝန်ထမ်း မိသားစုတစ်ဦးက ပြောသည်။ **(NEJ 150509)**
- အိန္ဒိယအပါအဝင် မြန်မာနှင့် ကုန်သွယ်မှုပြုသူများကို ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ဖိအားပေးကြရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ **HRW** မှ တိုက်တွန်းတောင်းဆိုလိုက်သည်။ **(NY/ VOB 150509)**
- ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်းမှ ကြားဝင်ဖြေရှင်းပေးရန် ချက်သမ္မတဟောင်း **Vaclav Havel** က တောင်းဆိုလိုက်သည်။ **(AP/ VOB 150509)**

**မေလ (၁၆)**

- ❑ အမေရိကန်သမ္မတ **Mr. Barack Obama** က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ် အရေးယူမှု ဥပဒေကို နောက်ထပ် သက်တမ်း ၁ နှစ် ထပ်တိုးလိုက်ကြောင်း မေလ ၁၅ ရက်နေ့က သမ္မတအိမ်ဖြူတော်က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA/ DVB 160509)**
- ❑ ၁၉၉၁ ငြိမ်းချမ်းရေးနိုဘယ်ဆုရ ဒေါ်အောင်ဆန်းစုကြည် ထောင်သွင်းထိန်းသိမ်းခံရသည့်အပေါ် နော်ဝေးနိုင်ငံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီက မြန်မာစစ်အစိုးရကို ပြစ်တင်ရှုတ်ချလိုက်ကာ ဒေါ်စုအားအမြန်ဆုံး ပြန်လွှတ်ရန် တောင်းဆိုလိုက်သည်။ **(RFA 160509)**
- ❑ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားနှင့် နယ်စပ်မြို့ တက်ကနက်မြို့အကြား ဆက်သွယ်ထားသော အာရ်ကန်လမ်းမ ကြီးတွင် မြန်မာနိုင်ငံမှ တင်သွင်းလာသည့် ကျပ်ငွေ သိန်း ၄၅၀ တန်ဖိုးရှိ ကုန်ပစ္စည်းများကို ကားတစ်စီးနှင့်အတူ ဘင်္ဂလားရဲတပ်ဖွဲ့နှင့် **BDR** ပူးပေါင်းတပ်ဖွဲ့တစ်ဖွဲ့က သောကြာနေ့က ဖမ်းဆီးလိုက်သည်။ **(Narinjara News 160509)**
- ❑ ယနေ့ထုတ် စစ်အစိုးရအာဘော် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည့် **KNU** အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသော စောစိန်မောင်ဌေး ဦးဆောင်သည့် လူအင်အား ၃၇ ယောက်အဖွဲ့သည် ထိုကော်ကိုးရွာ၌ အခြေပြုထားသည့် အပစ်ရပ်အဖွဲ့များနှင့် သွားရောက်ပူးပေါင်းသည်ဆိုသည့် သတင်းသည် လုပ်ကြံဖန်တီးသည့် ဇာတ်လမ်းတစ်ခုဖြစ် ကြောင်း **KNU** မှ ဆိုသည်။ **(RFA 160509)**
- ❑ အမေရိကန်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ၊ ဒီမိုကရက်လွှတ်တော်အမတ် ဂျွန်ကယ်ရီနှင့် အဖွဲ့ဝင် ရီပါဘလီကန် လွှတ်တော်အမတ် ရစ်ချတ်လူဂါတို့က ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိအနေအထားနှင့် ပတ်သက်၍ စစ်အစိုးရထံမှ ပြုပြင်ပြောင်းလဲရေး စိတ်ဓာတ်ရှိသူများ ရှေ့ထွက်လာသင့်ပြီဟု ပြောဆိုလိုက်သည်။ **(RFA 160509)**
- ❑ အမေရိကန် အစိုးရက မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများအား ပြန်လည်သုံးသပ်နေသည့် အချိန်မှာဘဲ မေလ ၁၅ ရက် နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်က အထက်လွှတ်တော် ကယ်ပီတယ် အဆောက်အဦး၌ မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများကို တင်ပြသည့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ **(RFA 160509)**
- ❑ အမျိုးသားဒီကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မေလ ၁၄ ရက်နေ့က တရားရုံးတင်ကာ အင်းစိန်ထောင်ကို ပို့ဆောင်လိုက်သည့် နအဖ၏ လုပ်ရပ်ကို ကျောက်ပန်းတောင်း၊ တောင်သာနှင့် မတ္တရာမြို့နယ်မှ **NLD** အဖွဲ့ဝင်များ လပတ်အစည်းအဝေးတွင် ကန့်ကွက်ရှုတ်ချလိုက်သည်။ **(DVB 160509)**

**မေလ (၁၇)**

- ❑ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးကာ တရားစွဲဆို ရုံးတင်လိုက်သည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ် ပေါင်းစု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်၊ ၈၈ မျိုး ဆက်ကျောင်းသားများ အဖွဲ့များက ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း မေလ (၁၇) ရက်နေ့က ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(RFA 170509)**
- ❑ ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးမည်ဖြစ်သဖြင့် ဆန္ဒပြပွဲများ မပေါ်ပေါက်စေရန် စစ်တွေမြို့တွင် အာဏာပိုင်များက လုံခြုံရေးကို အထူးတင်းကျပ်လိုက်ပြီ ဖြစ်သည်။ **(Narinjara News 170509)**

**မေလ (၁၈)**

- ❑ ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ ရုံးတင်စစ်ဆေးရာ အင်းစိန်အကျဉ်းထောင်သို့ နိုင်ငံခြားသံရုံး ၄ ခုမှ သံတမန် များ လာရောက်ကြသည်ကို လုံခြုံရေးအာဏာပိုင်များက တားဆီးပိတ်ပင် လိုက်သည်။ **(Irrawaddy 180509)**
- ❑ ယနေ့နံနက် ၁၀ နာရီ၌ ပြုလုပ်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အား ကြားနာစစ် ဆေးမှုကို အများပြည်သူရှေ့တွင် လွတ်လပ်စွာ စစ်ဆေးပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှေ့နေများက တောင်းဆိုလိုက်သည်။ **(DVB 180509)**

- ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်သည့်ယနေ့တွင် အစောင့်ချထားသော ရဲများ အင်းစိန်လမ်းမတလျှောက် ပြည့်နေကာ အင်းစိန်လမ်းမပေါ်၌ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းအချို့ကို စီးလာသည့် ခရီးသည်များ လိုရာခရီးကို မသွားနိုင်ဘဲ အခက်တွေ့နေရသည်။ **(NEJ 180509)**
- နအဖဘက်က ကမ်းလှမ်းထားသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စအား ယခုလ (၁၆–၁၇) ရက်နေ့များက ရှမ်းပြည်မြောက်ပိုင်း၊ အထူးဒေသ (၂) ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ထိန်းချုပ်ရာ ဝဒေသအတွင်းရှိ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကာ သဘောမတူ လက်မခံကြောင်း ဆုံးဖြတ်ခဲ့သည်ဟု ခရိုင်မှူးအဆင့်ရှိ ဝတပ်မှူးတစ်ဦးက ပြောသည်။ **(RFA/ NEJ 180509)**
- အပစ်ရပ်တိုင်းရင်းသားအဖွဲ့တို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယုံကြည်ချက်များကို တိုက်ဖျက်ချေမှုန်းရန် နအဖစစ်အစိုးရ၏ ငွေကြေးဖြင့် လှည့်စား၊ စည်းရုံး သိမ်းသွင်းမှုကို လက်မခံဘဲ ပြတ်သားစွာ ငြင်းဆန်သော မွန်ပြည်သစ်ပါတီ၏ ရပ်တည်ချက်ကို ကြိုဆိုထောက်ခံကြောင်း မွန်အမျိုးသားကောင်စီက ယနေ့ကြေညာချက် ထုတ်ပြန်လိုက်သည်။ **(NEJ 180509)**
- ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်ဟောင်းများ၊ ကမ္ဘာ့တလွှား ထင်ရှားသူများက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ကလုသမဂ္ဂနှင့် နိုင်ငံတကာ မိသားစုများကို တိုက်တွန်းလိုက်သည်။ **(Irrawaddy 180509)**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ကာ တရားစွဲဆိုထားသည့် သတင်းကို ပြည်တွင်းအပတ်စဉ်ထုတ် ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြရန် ခွင့်မပြုကြောင်း ရန်ကုန်အခြေစိုက် သတင်းဂျာနယ် အသိုင်းအဝန်းက ပြောသည်။ **(Irrawaddy 180509)**
- အများပြည်သူရှေ့မှောက်တွင် တရားစီရင်ပါရန် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက တရားသူကြီးများထံ ယနေ့ လျှောက်ထားရာတွင် အင်းစိန်ထောင်အတွင်းရှိ အထူးတရားရုံးက ပယ်ချလိုက်သည်။ **(Mizzima 180509)**
- ဘူးသီးတောင်ထောင်တွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုပြည့်ဖြိုးလှိုင်သည် ကျန်းမာရေးမကောင်းသဖြင့် ယခုလ (၅) ရက်နေ့က ဘူးသီးတောင်ဆေးရုံသို့ ပို့ခဲ့ဆောင်ခဲ့ရာ အခြေအနေပိုဆိုးရွားလာသဖြင့် (၁၀) ရက်နေ့က စစ်တွေဆေးရုံသို့ လွှဲပြောင်းပေးလိုက်ပြီးနောက် ဆရာဝန်များက တီဘီရောဂါဖြစ်နေသည်ဟု ပြောသည်။ **(Yoma3 1805509)**
- ရန်ကုန်တိုင်း တောင်ဒဂုံမြို့သစ် (၇၀) ရပ်ကွက်၊ အပိုင်း (၈) နေသူ အသက်မပြည့်သေးသည့် ကိုဖြိုးနှင့် မောင်ရဲကိုတို့အား ဒုတပ်ကြပ်ဟန်မျိုးမင်းက ယခုလ (၅) ရက်နေ့က ငွေ (၃) သောင်းစီပေးကာ (၉) ရက်နေ့တွင် သထုံအမှတ် (၉) အခြေခံစစ်သင်တန်းကျောင်းသို့ ပို့ဆောင်လိုက်သည်ဟု ဆိုသည်။ **(Yoma3 180509)**
- ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေကြသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူ ရခိုင်အမျိုးသား အင်အားစုများက ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အစိုးရက မတရားဖမ်းဆီးကာ ရုံးတင်စစ်ဆေးသည့်အပေါ် မကျေမနပ်ဖြစ်နေကြသဖြင့် ဒက္ကားမြို့နှင့် ကော့ဘဇားမြို့တို့တွင် တပြိုင်နက်တည်း စုဝေးဆန္ဒပြ ကန့်ကွက်ခဲ့ကြသည်။ **(Narinjara News 180509)**
- ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ အသက် (၁၃) နှစ်အရွယ် မသန်မစွမ်း ဒုက္ခိတအမျိုးသမီးငယ်လေးကို ကျိုင်းတုံအခြေစိုက် အမှတ် (၂၂၄) ခြေမြန်တပ်ရင်းမှ တပ်သားတစ်ဦးက အတင်းအဓမ္မ မုဒိမ်းကျင့်ခဲ့သောအမှုအား အရေးယူပေးရန် တောင်းဆိုထားသော်လည်း ရွာသူကြီးမှ အရေးယူဆောင်ရွက် ပေးခြင်းမရှိဘဲ အမှုမှာမျက်ကွယ်ပြုခြင်း ခံထားရသည်ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။ **(Kantarawaddy Times 180509)**
- ကရင်နီပြည်တွင် ကောက်ပဲသီးနှံများ အဆမတန် ဈေးကျသည့်အပြင် ဝယ်ယူသူများ မရှိသည့်အတွက် သီးနှံစိုက်တောင်သူလယ်သမားများ စားဝတ်နေရေးနှင့် ရင်ဆိုင်နေရကာ အချို့မိသားစုများမှ သားသမီးများကိုကျောင်းထုတ်လိုက်ရသည်အထိ ဖြစ်နေသည်။ **(Kantarawaddy Times 180509)**

မေလ (၁၉)

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲတစ်ရပ်ကို ထိုင်း–မြန်မာနယ်စပ် မယ်တော်ဆေးခန်းတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ကျင်းပခဲ့သည်။ **(Yoma3/ NEJ 190509)**

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးနေသည့်အပေါ် အရှေ့တောင်အာရှ နိုင်ငံသားများအသင်း အာဆီယံက အထူးစိုးရိမ်မိကြောင်းနှင့် လက်ရှိ ဥက္ကဌ ထိုင်းနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးရန်လည်း ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(NEJ/ Mizzima 190509)**
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် စပ်လျဉ်းသည့်သတင်းကို နအဖစစ်အစိုးရ သတင်းစာများက ယနေ့ထည့်သွင်း ဖော်ပြရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို တရားခံဟု သုံးနှုန်းရေးသားထားသည့်အတွက် ရန်ကုန်စာနယ်ဇင်း အသိုင်းအဝိုင်းမှ စိတ်ဆိုးဒေါသထွက်နေကြသည်ဟု ပြည်တွင်းအမျိုးသမီးသတင်းထောက်ငယ်တစ်ဦးက ပြောသည်။ **(NEJ 190509)**
- ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းမဲ့ တရားစွဲဆိုထားသည်ကို ရုပ်သိမ်းပေးရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကပါ စစ်အစိုးရကို ဖိအားပေးသင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးတာဝန်ခံ တိုမားစ်အိုဟေးကင်တားနားက တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 190509)**
- ယနေ့ထုတ် နအဖသတင်းစာများထဲတွင် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ မှတ်ပုံမတင်ထားသည့် တိုင်းရင်းဆေး ၁၆ မျိုးကို သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ကြေညာလိုက်ပါသည်။ **(DVB/ Mizzima 190509)**
- စစ်တွေမြို့၏ နာမည်ကြီးဘုရားတစ်ဆူဖြစ်သော အတုလမာရဇိန်ဘုရားကြီးတွင် ရဲများလုံခြုံရေးယူထားသဖြင့် ဘုရားဖူးလာသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရသည်။ **(Narinjara News 190509)**
- မန္တလေးတိုင်း မြစ်သားမြို့နယ်အတွင်း တည်ဆောက်ထားသည့် ကင်းတားဆည်၏ လက်ဝဲရေလွှဲမြောင်းသည် ယခုလ ၁၆ ရက်နေ့က ကျိုးပေါက်ခဲ့ရာ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ ရေနစ်မြုပ်သွားခဲ့သည်။ **(Mizzima 190509)**
- မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လက်နက်ရောင်းချမှုများ ရပ်ဆိုင်းရေး၊ မတရား ချုပ်နှောင်ခံနေရသော ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ဗဲလ်ငြိမ်းချမ်းရေးဆုရှင် ၉ ဦးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ယမန်နေ့က တောင်းဆိုလိုက်သည်။ **(Irrawaddy 190509)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ပိုမိုဖိအားပေးရန် ဗြိတိန်နိုင်ငံရောက် ကရင်တိုင်းရင်းသား ၂၀ က ယနေ့ ဗြိတိသျှပါလီမန်သို့ သွားရောက်လေ့လာသည့် ခရီးစဉ်တွင် တိုက်တွန်းလှုံ့ဆော်လိုက်သည်။ **(Irrawaddy 190509)**
- ယနေ့ညက မျိုးဆက်သစ်လူငယ်များအစည်းအရုံး **(Generation Wave)** အဖွဲ့ဝင်လူငယ်များက လုံခြုံရေး တင်းကျပ်နေသည့် ရန်ကုန်မြို့လယ် နေရာအချို့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ **(RFA 190509)**
- ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ဒေါ်အောင်ဆန်းစုကြည်သို့ အိတ်ဖွင့်ပေးစာတစ်စောင်ကို ယမန်နေ့က ရေးသားထုတ်ပြန်ခဲ့သည်။ **(RFA 190509)**
- မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နိုင်အောင် တွေ့ဆုံဆွေးနွေးအဖြေရှာရန် တရုတ်နိုင်ငံက နအဖစစ်အုပ်စုကို တိုက်တွန်းပြောကြားလိုက်သည်။ **(VOA 190509)**
- သူရဲဘောကြောင်သော နအဖသည် ပြည်သူပြည်သားများ၏ အုံကြွမှု ဂလဲ့စားချေမှုများကို ကြောက်ရွံ့နေကာ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အလွန်အမင်း ကြောက်ရွံ့နေသည်။ **(NYT/ VOB 190509)**
- နအဖစစ်အာဏာပိုင်များသည် **Global Fund** မှ ကူညီထောက်ပံ့မှုများ ပြန်လိုချင်သည့်အတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။ **(XINHUA/ VOB 190509)**
- ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာအာဏာပိုင်များက တရားစွဲဆိုထားသည့် ကြားနာစစ်ဆေးမှုကို အမေရိကန်ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်အမတ်များကပါ စိုးရိမ်တကြီးနှင့် စောင့်ကြည့်နေကြသည်။ **(VOA 190509)**

မေလ (၂၀)

- အာဏာသိမ်း စစ်ခေါင်းဆောင်နှင့် ထိပ်တိုက်တွေ့လိုကြောင်း ရွှေဝါရောင်တော်လှန်ရေး ခေါင်းဆောင် အရှင်ဂမ္ဘီရက အကျဉ်းကျနေသည့် စစ်ကိုင်းတိုင်း ခန္တီးထောင်ထဲမှ အော်ဟစ်ဆန္ဒပြခဲ့ကြောင်း မယ်တော် ဒေါ်ရေးက ပြောသည်။ **(Mizzima 200509)**
- စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုထားမှုကို ကန့်ကွက်သည့်စာများ (**Free Aung San Suu Kyi immediately and Against 2010 elections**) ဒေါ်အောင်ဆန်းစုကြည် ချက်ချင်းလွှတ်ပေးရန် နှင့် ၂၀၁၀

ရွေးကောက်ပွဲအလိုမရှိ ဆိုသည့်စာများ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် လူငယ်တက်ကြွလှုပ်ရှားသူများက ယနေ့နံနက်က ရေးသားဖြန့်ဝေခဲ့ကြသည်။ **(Mizzima 200509)**

- အင်းစိန် မီးရထားဆေးရုံရှိ မျက်စိအထူးကု ဆရာဝန်ကြီးရုံးခန်းနှင့် မျက်စိစစ်ဆေးသည့် အမှောင်ခန်းအား ရန်ကုန်တိုင်းရဲမှူးကြီး အဆင့်အပါအဝင် ရဲအရာရှိကြီးများက သိမ်းယူကာ အင်းစိန်ထောင်ဝန်းကျင် အခြေအနေအား စောင့်ကြည့်ညွှန်ကြားနေသည့်အတွက် ဆေးရုံဝန်ထမ်းများ စိတ်အနှောင့်အယှက် ဖြစ်နေကြရသည်။ **(NEJ 200509)**
- ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသည့်အမှု တတိယနေ့ရုံးချိန်း မှုန်းလွဲပိုင်းတရားစစ်မေးမှုတွင် နိုင်ငံတကာ သံတမန်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းထောက်အချို့ကို တက်ရောက်နားထောင်ခွင့်ပြုခဲ့ကြောင်း **NLD** ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးအုံးကြိုင်က ပြောသည်။ **(NEJ 200509)**
- ဒေါ်အောင်ဆန်းစုကြည်က သံတမန်များကို "ဒီကိုလာသည့်အတွက်ရော အားပေးသည့်အတွက်ပါ ကျေးဇူးအများကြီးတင်ရှိပါသည်"ဟု ပြောကြားခဲ့ကြောင်း **AFP** သတင်းစာမျက်နှာက ဖော်ပြထားသည်။ **(Irrawaddy 200509)**
- ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** ရုံးရှေ့နှင့် အနီးတစ်ဝိုက်၌ ယနေ့တွင် ရဲကားများ၊ ယူနီဖောင်းဝတ်ရဲများ၊ အချုပ်ကားများ၊ ဆိုင်ကယ်များ၊ အရပ်ဝတ်ရဲများနှင့် လုံခြုံရေးတင်းကျပ်စွာ ချထားသည်။ **(Irrawaddy 200509)**
- စစ်အစိုးရပိုင်မီဒီယာများမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို "တရားခံ" ဟု ရေးသားထုတ်လွှင့်ခြင်းသည် စစ်အစိုးရက အသရေဖျက်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ **(BLC)** က ဆိုသည်။ **(DVB 200509)**
- ကမ္ဘာတလွှားရှိ မလေးရှားခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းမှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဆုတောင်းပွဲများ ပြုလုပ်နေသည်။ **(KL/ VOB 200509)**
- ဘင်္ဂလားဒေ့ရှ် – မြန်မာနယ်စပ်တွင် မြန်မာနိုင်ငံသားနှစ်ဦးဖြစ်သည့် ရခိုင်မျိုးသား ရွှေမဲ ၃၈ နှစ်နှင့် ခမီးအမျိုးသား အပေလေ ၂၅ နှစ်တို့ကို လက်နက် ၂ လက်နှင့်အတူ ဘင်္ဂလား နယ်ခြားစောင့် တပ်ဖွဲ့ **BDR** မှ ယမန်နေ့က ဖမ်းဆီးရမိခဲ့သည်။ **(Narinjara News 200509)**

မေလ (၂၁)

- ငွေကြေးများစွာ အကုန်ကျခံ၍ မြန်မာလိဂ်ဘောလုံးပွဲများ အကြီးအကျယ် ကျင်းပနေသော်လည်း ပြည်သူလူထုက ဘောလုံးပွဲထက် ဒေါ်အောင်ဆန်းစုကြည်အမှုအား ပိုစိတ်ဝင်စားနေကြသည်ဟု ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 210509)**
- မြန်မာစစ်အစိုးရက လက်ရှိလမ်းကြောင်းအတိုင်း ရှေ့ဆက်သွားမည်ဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲသည် တရားဝင်မည်မဟုတ်သည့်အပြင် အသိအမှတ် ပြုခံရမည်မဟုတ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်လာရီကလင်တန်က ယမန်နေ့က ပြောကြားလိုက်သည်။ **(Irrawaddy 210509)**
- မြန်မာ–ထိုင်းနယ်စပ်အနီး ရှမ်းပြည်နယ် တာချီလိတ်မြို့ဝမ်းကောင်းရပ်ကွက်ရှိ စန္ဒာလင်း တည်းခိုခန်းတွင် တည်းခိုနေသော သျှမ်းပြည်မြောက်ပိုင်း သန္နီမြို့နယ်မှ စိုင်းခွန်နွမ်းနှင့် စိုင်းစံရွှေတို့ကို သံသယရှိသည့် မြန်မာငွေစက္ကူ တစ်ထောင်တန် အတု အရွက် ၂၀၀၀ သယ်ဆောင်လာသူဟု ယူဆကာ တာချီလိတ်ရဲများက ဖမ်းဆီးလိုက်သည်။ **(Mizzima 210509)**
- ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်နှင့် မောက်မယ်မြို့နယ်ရှိ ပအိုဝ်းကျေးရွာသားများကို ဘန်းယဉ်မြို့အခြေစိုက် ခမရ ၄၂၈ တပ်ရေးမှူး မြင့်ဦး ဦးစီးသည့်စစ်ကြောင်းက ဖမ်းဆီးရိုက်နှက်မှုများ ပြုလုပ်နေသည်ဟု ဒေသခံများက ပြောသည်။ **(NMG 210509)**
- ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အမဲခင်ကျေးရွာမှ ဘုရားမြေ၊ ဇရပ်မြေနှင့် ရွာသားများ စုပေါင်းပိုင်ဆိုင်သော စားကျက်မြေများကို စစ်တပ်မှ သိမ်းပိုက်ကာ တစ်ဧကကို ကျပ် ၅ သောင်းနှင့် ပြန်လည်ရောင်းချနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(Narinjara 210509)**

မေလ (၂၂)

- လွန်ခဲ့သည့်သည့် အပတ်က ဗဟန်းမြို့နယ်မှ အိမ်ထောင်စု (၇၂) စုနှင့် ရန်ကင်းမြို့နယ်မှ အိမ်ထောင်စု (၃၄) စုတို့ကို သက်ဆိုင်ရာအာဏာပိုင်များမှ ကျူးကျော်ဝင်ရောက်နေထိုင်သူများအဖြစ် အကြောင်းပြကာ ရွှေပြည်သာမြို့နယ် (တ/၁၂) ရပ်ကွက်သို့ ရွှေ့ပြောင်းခိုင်းခဲ့ကြောင်း ရွှေ့ပြောင်းခံရသူတစ်ဦးက ပြောသည်။ **(NEJ 220509)**
- ရန်ကုန်မြို့ မီးပေးချိန်ကို တစ်ရက်လျှင် (၁၂) နာရီနှုန်းဖြင့် အုပ်စု (၃) စုခွဲကာ အပိုင်းလိုက်သတ်မှတ်ပေးထားသော်လည်း ယခုရက်ပိုင်းအတွင်း သတ်မှတ်ချိန်အတိုင်း မီးမလာသဖြင့် မြို့ခံများ အဆင်မပြေဖြစ်နေကြရသည်။ **(NEJ 220509)**
- မေလ ၂၀ ရက်နေ့က ဒုက္ခသည်စခန်း အုပ်ချုပ်ရေးမှူး ခွင့်ပြုချက်လက်မှတ်ဖြင့် မဲဆောက်သို့လာသည့် နို့ဖိုးဒုက္ခသည်စခန်းမှ မြန်မာဒုက္ခသည် (၉)ဦးကို ထိုင်းရဲက တရားမဝင် လာရောက်သူများဟုဆိုကာ ဖမ်းဆီးတရားစွဲဆိုလိုက်သည်။ **(NEJ 220509)**
- အမှုရင်ဆိုင်နေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များက ချက်ချင်းလွှတ်ပေးရန် တောင်းဆိုရင်း တချိန်တည်းတွင် တောင်အာဖရိကနိုင်ငံမှ **Gandhi Development Trust** အဖွဲ့က ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် နိုင်ငံတကာ မဟတ္တမ ဂန္ဒီ **(MAGI)** ဆုကို ချီးမြှင့်လိုက်သည်။ **(Irrawaddy/ Mizzima 220509)**
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးဝင်းတင်နှင့် **NLD** အဖွဲ့ဝင်များက ဒေါ်အောင်ဆန်းစုကြည် အမှုရင်ဆိုင်ရာ အင်းစိန်ထောင်အနီးသို့ သွားရောက်စောင့်ကြည့်နေမှုအပေါ် လုံခြုံရေးအရ စိုးရိမ်ရကြောင်း ရှေ့နေဦးအောင်သိန်းက ပြောသည်။ **(Irrawaddy 220509)**
- ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရေကူးဝင်ရောက်သူ အမေရိကန် နိုင်ငံသား ဂျွန်ဝီလျာယက်တော သတင်းသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ ဖိအားပေးမှုများ တိုးမြှင့်စေရန် ရည်ရွယ်သည့် အတိုက်အခံအင်အားစုများ၏ လုပ်ကြံမှုတစ်တပိုင်းဖြစ်သည်ဟု မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ယနေ့ပြောကြားလိုက်သည်။ **(Irrawaddy/ Mizzima 220509)**
- ထိုင်းနိုင်ငံသို့ ခိုးဝင်လာသော မြန်မာ့အဖိုးတန် ကျွန်း၊ ပျဉ်းကတုန်းသစ်များ တင်ဆောင်လာသည့် ဆယ်ဘီးကား ၁၅ စီးခန့်ကို ထိုင်း–မြန်မာနယ် စပ် ထိုင်းနယ်မြေ ဘုရားသုံးဆူရွာတွင် ထိုင်းသစ်တောဌာနမှ ယမန်နေ့စောစောပိုင်းတွင် ဖမ်းဆီးလိုက်သည်ဟု ဒေသခံများက ပြောသည်။ **(Kaowao 220509)**
- မွန်ပြည်နယ်တွင် ရေး၊ မုဒုံ၊ သံဖြူဇရပ်စသည့် မြို့များတွင် ၂၀၀၉–၂၀၁၀ ပညာသင်နှစ်အတွက် ဒသမကျောင်းသူကျောင်းသားများက ခါတိုင်းနှစ်များထက် စောစီးစွာ ကျောင်းတက်နေပြီ ဖြစ်သည်။ **(IMNA 220509)**
- ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေအတွက် အထူးပဲစိုးရိမ်မကင်းဖြစ်မိကာ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ပြန်လွှတ်လာရေးတွက် သူတတ်နိုင်သည့်ဘက်က ကြိုးစားသွားမည်ဟု တောင်ကိုရီးယားသမ္မတဟောင်း **Mr. Kim Dae Jung** က ယနေ့ ပြောကြားလိုက်သည်။ **(RFA 220509)**
- မွန်ပြည်သစ်ပါတီဝင်မှ ဒုတိယအကြိမ် လုပ်ကြံခံရမှုနောက်ပိုင်းတွင် နအဖအာဏာပိုင်များက လုပ်ကြံသူများကို အရေးတယူစုံစမ်းမှုများ လျစ်လျူရှုထားသောကြောင့် မွန်ပြည်သစ်ပါတီဝင်များ ခရီးသွားလာရာတွင် သတိကြီးစွာ သွားနေကြရသည်ဟု ဆိုသည်။ **(IMNA 220509)**
- ပဲခူးတိုင်း ဇီးကုန်းမြို့နယ်တွင် ပုဂ္ဂလိကလုပ်ငန်းများ၏ ကိုယ်ကျိုးရှာ စီးပွားရေးလုပ်ငန်းများ ပြုလုပ်နေကြသဖြင့် ဒေသခံပြည်သူများ ရေပြတ်လပ်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။ **(Yoma3 220509)**
- ကမ္ဘာ့ထိပ်တန်း တရားသူကြီး ၅ ဦးက **Crime in Burma** အမည်ရသော အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကာ မြန်မာစစ်အစိုးရ၏ စစ်ရာဇဝတ်မှုနှင့် လူသားမဆန်မှုများကို လုံခြုံရေးကောင်စီမှ ကော်မရှင်ဖွဲ့ကာ စုံစမ်းစစ်ဆေးပေးရန် ယမန်နေ့က တောင်းဆိုလိုက်သည်။ **(Mizzima 220509)**

မေလ (၂၃)

- လက်ရှိ တရားရင်ဆိုင်နေရသည့် ဒေါ်အောင်ဆန်းစုကြည်အပေါ် မခိုင်မာသည့် စွဲချက်တင်ထားမှုနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအနက် အင်အားအကြီးဆုံး နိုင်ငံ ၁၅ နိုင်ငံက မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအတွက် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။ **(Irrawaddy 230509)**

- အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောအမှုနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည် အပြစ်မရှိကြောင်း သောကြာနေ့က တရားရုံးတွင် ဖြေကြားခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy/ Mizzima 230509)**
- စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားကာ မြန်မာနိုင်ငံ၏ အင်အားအတောင့်တင်းဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် မေလ ၁၉ ရက်နေ့က ပြုလုပ်သည့်အစည်းအဝေးတွင် စစ်အစိုးရက အကြံပြုထားသည့်အတိုင်း ပြုပြင် ပြောင်းလဲရေး မလုပ်ဘဲ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု **UWSA** အရာရှိတစ်ဦးက ပြောသည်။ **(Mizzima 230509)**
- လွန်ခဲ့သည့် မေလ ၁၉ ရက်နေ့က မကွေးတိုင်း မြို့သစ်မြို့နယ် လယ်ပြင်နှင့် ဘုရားကြီးရပ်က တောင်သူများကို စိုက်ပျိုးရေးဘဏ်က စိုက်ပျိုးရေးစရိတ်အဖြစ် တောင်သူတစ်ဦးကို တစ်သိန်းနှုန်းထုတ်ချေးခဲ့ရာ ပုံစံကြေးနှင့် တခြားစရိတ်များအပြင် နှစ်ချိုးမြေဆီတစ်အိတ် မယူမနေရ ဝယ်ယူခိုင်းသည့်အတွက် တောင်သူများက မကျေမနပ်ဖြစ်နေကြသည်။ **(RFA 230509)**
- သိသာထင်ရှားသော လိမ်လည်လုပ်ကြံမှုဟု တစ်ကမ္ဘာလုံးမှသိနေသော်လည်း နအဖစစ်အုပ်စုမှ ဒေါ်အောင်ဆန်းစုကြည်အမှုသည် လုပ်ကြံဖန်တီးခြင်းမဟုတ်ဟု ဖြောင်ပြင်းဆိုနေသည်။ **(Mizzima 230509)**
- ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား အဖွဲ့များနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာစစ်အစိုးရကို ယမန်နေ့က ပြောကြားလိုက်သည်။ **(Mizzima 230509)**
- မေလ ၂၀ ရက်နေ့က စစ်သုံးလက်နက်များနှင့်အတူ ဘိန်းများ သယ်ဆောင်လာသည့် ကရင်နီလက်နက်ကိုင် (၇) ဦးခန့်ကို ထိုင်း–မြန်မာနယ်စပ် အမှတ် (၁၄) လမ်းအားဖြတ်၍ ထိုင်းနိုင်ငံပိုင်နက်ထဲသို့ ဝင်ရောက်လာသဖြင့် ထိုင်းစစ်တပ်မှ ပစ်ခတ်ခဲ့ရာ (၂) သေဆုံးကာ **AK** သေနပ်တစ်လက်၊ လက်ပစ်ဗုံးသုံးလုံး၊ ကျည်အတောင့် (၈၀) နှင့် ဘိန်းစိမ်း (၃၅) ဂရမ် သိမ်းဆည်းရမိခဲ့သည်။ **(Kantarawaddy Times 230509)**
- ကရင်နီပြည် လွိုင်ကော်မြို့နယ်အတွင်းရှိ ကယန်းကျေးရွာတစ်ရွာမှ လင်မယားနှစ်ဦးကို ဒေသခံ အမှတ် (၂၆၁) ခြေလျင်တပ်ရင်းမှ စစ်သား ၁၁ ဦးက ဝိုက်းရိုက်သောကြောင့် ယောကျ်ားဖြစ်သူက ပွဲချင်းပြီးသေဆုံးကာ ဇနီးဖြစ်သူက ဒဏ်ရာပြင်းထန်စွာ ရရှိနေသည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။ **(Kantarawaddy Times 230509)**

မေလ (၂၄)

- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ ပြည်ခိုင်ဖြိုး စည်းရုံးရေးမှူး ဦးမျိုးကိုဟန်က ဒေသအတွင်းရှိ စစ်တပ်အာဏာပိုင်များနှင့် ပူးပေါင်းကာ ပြည်သူအများပိုင်မြေများကို သူတစ်ဦးတည်းပိုင် ပြုလုပ်နေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(Narinjara 240509)**
- ပြင်သစ်နှင့် **EU** သည် အစွမ်းကုန်ကြိုးစားသော်လည်း ဒေါ်အောင်ဆန်းစုကြည်လွတ်ရန် အာရှသည် အဓိကကျသည်ဟု ပြင်သစ်လူ့အခွင့်အရေး ဝန်ကြီးမှ ပြောကြားလိုက်သည်။ **(Paris/ VOB 240509)**

မေလ (၂၅)

- တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ **(DKBA)** တပ်ဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နယ်ခြားစောင့်တပ်ဖွဲ့ ပြောင်းလဲဖွဲ့စည်းရန် လိုအပ်သည့် စစ်သည်များအတွက် အဓမ္မစစ်သား လိုက်လံစုဆောင်းနေသဖြင့် ရာနှင့်ချီသည့် ဒေသခံများ နယ်စပ်သို့ ထွက်ပြေး တိမ်းရှောင်လာကြသည်။ **(NEJ/ Mizzima 250509)**
- ရန်ကုန်မြို့တွင် ရာသီဥတု သတင်းနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယင်းအလိုအလျောက်ဖြေကြားသော တယ်လီဖုန်း နံပါတ် (၆၆၇၇၆၆) ကို ဆက်သွယ်နိုင်ရန် စီစဉ်ထားသော်လည်း ဖုန်းကို ၂၄ နာရီလုံး ခေါ်ဆို၍မရသည့်အတွက် ရန်ကုန်မြို့ခံများက ဒေါသဖြစ်နေကြသည်ဟု ဆိုသည်။ **(NEJ 250509)**
- လွန်ခဲ့သည့် မေ (၂၄) ရက်နေ့ နံနက် (၄) နာရီခန့်တွင် နေပြည်တော်ဘူတာစကြံ (၁) ၌ ရပ်ထားသော နေပြည်တော်–ရန်ကုန် အမှတ် (၃၂) အစုန်ရထား အထက်တန်းတွဲအမှတ် (၅) အိမ်သာခေါင်မိုးပေါ်တွင် ချိန်ကိုက်မိုင်းတစ်လုံး တွေ့ရှိခဲ့ခြင်းကြောင့် နအဖက **ABSDF** သည် ပြည်သူ့တိုက်ပွဲမြင့်တင်ရေး ကော်မတီဖွဲ့၍ လုပ်ဆောင်သွားလိမ့်မည်ဟု ယနေ့ထုတ် နအဖ သတင်းစာများ၏ ဖော်ပြမှုအပေါ် **ABSDF** ဥက္ကဋ္ဌ ဦးသံခဲမှ ပယ်ချလိုက်သည်။ **(NEJ 250509)**

- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့အလှည့်ကျ ဥက္ကဌ ထိုင်းနိုင်ငံ၏ မေ (၁၈) ရက်နေ့ ထုတ်ပြန်ကြေညာချက်ပေါ် နအဖက ကန့်ကွက်သည့်အပြင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ ပြည်တွင်းကို ဝင်ရောက်စွက်ဖက်သည်ဟုလည်း စွပ်စွဲပြောဆိုလိုက်သည့် ကြေညာချက်တစ်စောင်ကို ယနေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ **(NEJ/ Irrawaddy/ Mizzima 250509)**
- ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန အမှတ် (၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လွန်ခဲ့သည့် အပတ်က စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းများရှိ ဒေသခံပြည်သူ မျက်စိဝေဝေတနာရှင် ၄၀၀၀ ခန့် ကို အခမဲ့ ခွဲစိတ်ကုသမှုပြုလုပ်၍ ၂၀၁၀ ရွေးကောက်ပွဲတွင် စစ်တပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်မဲပေးကြရန် ပြောဆိုစည်းရုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။ **(Irrawaddy 250509)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေးအတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** လူငယ်အဖွဲ့နှင့် ၈၈ မျိုးဆက်ကျောင်းသားများ ပူးပေါင်း၍ လူငယ် ၂၅ ဦးတို့က ဝတ်ပြုဆုတောင်းပွဲ တစ်ရပ်ကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ဆုတောင်းပြည့် စေတီကြီးတွင် ယမန်နေ့က ပြုလုပ်ခဲ့သည်။ **(Irrawaddy 250509)**
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် ပတ်သက်၍ ယနေ့တွင် အင်းစိန်ထောင်အတွင်း အထူးတရားရုံး၌ ရဲမှူးကြီး ဇော်မင်းအောင်၊ ရဲမှူး စကျော်ဝင်း၊ ဗဟန်းမြို့နယ်မှူးနှင့် တခြားတစ်ဦးကို ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက အပြန်အလှန် မေးမြန်း စစ်ဆေးမှုများ ပြုလုပ်ခွင့်ရရှိခဲ့သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 250509)**
- ဒေါ်ပုံ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်အတွင်းရှိ စွမ်းအားရှင်နှင့် ကြံ့ဖွံ့အသင်းဝင် ၅၀၀ ကျော်ခန့်သည် လုံခြုံရေး တာဝန်ယူရန်အတွက် အင်းစိန်ထောင်နှင့် အနီးတစ်ဝိုက်တွင် မေလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ယနေ့ထိ တစ်ရက်ကို ကျပ် ၂ ထောင်နှုန်းဖြင့် အခကြေးငွေပေးကာ ငှားရမ်းထားသည်ဟု ဆိုသည်။ **(Irrawaddy 250509)**
- ကော့သောင်းမြို့တွင် လေဆိပ်၊ သင်္ဘောဆိပ်နှင့် ကားဂိတ်တို့မှ ရောက်ရှိလာသော သူများကို မှတ်ပုံတင် စီစစ်ကာ ကော့သောင်းဒေသခံမဟုတ်သူများကို ခေတ္တထိန်းသိမ်းထားကာ နေရပ်သို့ ပြန်ပို့ရေးကို မေလ ၂၂ ရက်နေ့မှစ၍ စတင်ပြုလုပ်လာခဲ့သည်။ **(Mizzima 250509)**
- ခမရ ၁၀၇ မှ ဗိုလ်ကြီး ညီညီအောင်သည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကုလားချောင်းကြီးရွာမှ ရွာသားနှစ်ဦး အကြား ငွေကြေးပြဿနာကို လာရောက်ဖြေရှင်းပေးရာ မပြေလည်ရာမှ ရယက ဥက္ကဌ ဦးထွန်းတင်ထံမှ ဒီဇယ် ၁၅ ဂါလံဖိုး တောင်းယူသည့်အခါ မရှိသဖြင့် ကိုယ်ထိလက်ရောက် ထိုးကြိတ်မှုတစ်ရပ် ယခုလ ၂၀ ရက်နေ့က ဖြစ်ပွားခဲ့သည်။ **(Mizzima 250509)**
- ဒေါ်အောင်ဆန်းစုကြည်အမှုအား စစ်ဆေးသည့် အင်းစိန်ထောင်ရှေ့ သာမက အခြားနေရာများ၌လည်း ပျောက်ကျားလှုပ်ရှားမှုများ ပြုလုပ်ပါရန် ဗကပ ခေါ် ဗမာပြည် ကွန်မြူနစ်ပါတီက ထုတ်ပြန်တိုက်တွန်းပြောဆိုလိုက်သည်။ **(Mizzima250509)**
- ဘင်္ဂလား ပင်လယ်အော်အတွင်း ဗဟိုပြုတိုက်ခတ်ခဲ့သော မုန်တိုင်းငယ်ကြောင့် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားတွင် မေလ ၂၃ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကာ မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့ နေရာအနှံ့အပြားရှိ လမ်းမကြီးများနှင့် ရပ်ကွက်များတွင် ရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ **(Mizzima 250509)**
- နယ်စပ် ပဋိပက္ခများ ဖြစ်ပွားခြင်းကို ကာကွယ်နိုင်ရန် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးတပ်များ ပုံမှန်အစည်းအဝေးရှိသင့်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ မေလ ၁၄ ရက်မှ ၁၇ ရက်အထိ ၄ ရက်ကြာခရီးစဉ်တွင် ပြောကြားလိုက်သည်။ **(Mizzima 250509)**
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် သူတို့နှင့် အတူ တိုက်ပွဲဝင်ကြရန် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်က ပြည်သူလူထုကို တိုက်တွန်းပြောကြားလိုက်သည်။ **(DVB 250509)**
- ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာက တောင်းဆိုလိုက်သည်ဟု အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(DVB 250509)**
- မလေးရှား နိုင်ငံ၏ ဒုဝန်ကြီးချုပ်ဟောင်းလည်းဖြစ် ထင်ရှားသော အတိုက်အခံခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည့် မစ္စတာအန်ဝါအီဘရာဟင်က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဒေသတွင်းနိုင်ငံများက ထိထိရောက်ရောက် ကြိုးပမ်းပေးကြပါရန် တိုက်တွန်းပြောကြားလိုက်သည်။ **(DVB 250509)**

မေလ (၂၆)

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင် ထောင်ချရန် ကြိုးပမ်းမှုအား မရပ်တန့်ပါက နအဖ စစ်အုပ်စုသည် (ရှစ်လေးလုံး) လူထုအုံကြွမှုကဲ့သို့ အခြေအနေမျိုးနှင့် မလွဲမသွေ ရင်ဆိုင်ရမည်ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်က ပြောသည်။ **(NEJ 260509)**
- ယနေ့တရားခွင်တွင် ဒေါ်အောင်ဆန်းစုကြည်က ထွက်ဆိုချက်များကို စာဖြင့်ရေးသားထွက်ဆိုခဲ့ကာ မစ္စတာယက်တော ပထမအကြိမ်လာရောက်စဉ်တွင် ဒေါက်တာတင်မျိုးဝင်းမှတဆင့် အာဏာပိုင်များထံ အကြောင်းကြားထားပြီးဖြစ်ကြောင်းလည်း စာထဲတွင်ထည့်သွင်းရေးသားထားသည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာဝင်းနိုင်က ပြောသည်။ **(NEJ/ Irrawaddy 260509)**
- အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဟူသော နအဖစစ်အစိုးရ၏ စွပ်စွဲချက်ကို လက်မခံဘဲ ထိုင်းနိုင်ငံက ပြန်လည်ငြင်းဆိုထားကြောင်း ထိုင်းနိုင်ငံမှ ယနေ့ထုတ် **Bangkok Post** သတင်းစာပါ သတင်းဖော်ပြချက်ကို ရန်ကုန်မြို့ခံများက အထူးစိတ်ဝင်တစားဖြစ်နေကြသည်။ **(NEJ/ Irrawaddy 260509)**
- ကယားပြည်နယ် လွိုင်ကော်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ၈၈ ကျောင်းသားခေါင်းဆောင် ကိုမြအေး၊ **HRDP** ဦးမြင့်အေး၊ **NLD** ဦးသန်းလွင်၊ ကိုသီဟအောင်နှင့် ကယန်းလူငယ်များဖြစ်သည့် ခွန်ဘီးဒူ၊ ဒိဒီးနှင့် ကေကောရီယိုတို့ အပါအဝင် ၁၁ ဦးတို့သည် ထိရောက်သည့် ဆေးဝါးကုသခွင့်မရသဖြင့် ကျန်းမာ ရေးအခြေအနေ ဆိုးရွားနေသည်။ **(Yoma3 260509)**
- ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် လက်မှတ်ရေးထိုး လှုပ်ရှားမှုတွင် နိုင်ငံပေါင်း ၁၅၀ ကျော်မှ လက်မှတ်ပေါင်း ၆ သိန်း ၅ သောင်းကျော် လက်ခံရရှိကြောင်းယနေ့ ကျင်းပသည့် ထိုင်းနိုင်ငံ ဘန်ကောက်အခြေစိုက် နိုင်ငံခြားသတင်းထောက်များ ကလပ် **(FCCT)** တွင် ယင်းလှုပ်ရှားလှုပ်ရှားမှုအဖွဲ့က ကြေညာလိုက်သည်။ **(Irrawaddy 260509)**
- မြန်မာနိုင်ငံ အခြေအနေနှင့် စပ်လျဉ်း၍ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ထိုင်းနိုင်ငံက ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကို ထောက်ခံကြောင်း ဥရောပသမဂ္ဂက ကြေညာခဲ့သည်ဟု ထိုင်းနိုင်ငံခြားရေး ဝန်ကြီး **Mr. Kasit Piromya** က ပြောသည်။ **(Mizzima 260509)**
- ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) စစ်ကြောင်းတစ်ခုက ရန်သူနအဖစစ်ကြောင်းကို ခြုံခိုတိုက်ခိုက်ခဲ့ရာတွင် ၂၀၀၆ ခုနှစ်က နအဖစစ်အစိုးရထံ လက်နက်ချခဲ့သည့် ဗိုလ်မှူးကြီးမိုင်းဇင့် ခေါင်းဆောင်သော **SSA** (တောင်ပိုင်း) ခွဲထွက်အဖွဲ့နှင့် နအဖ စစ်ဖက်ဆိုင်ရာ လုံခြုံရေး (စရဖ) အရာရှိ ၂ ဦးအပါအဝင် ရန်သူ ၁၅ ဦး သေဆုံးခဲ့သည်။ **(Mizzima 260509)**
- ယခုမိုးဦးကျအချိန်တွင် ပဲခူးတိုင်း မြို့နယ်အချို့တွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းရောဂါများ ဖြစ်ပွားနေသည်။ **(DVB 260509)**
- ယနေ့ရန်ကုန်မြို့တွင် အဝါရောင် အင်္ကျီဆင်တူ ဝတ်ဆင်သည့် လှုပ်ရှားမှုတစ်ရပ်ကို ကျောင်းသားလူငယ်အချို့က ပြုလုပ်ကြသည်။ **(DVB 260509)**
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့်ပတ်သက်၍ စွဲချက်တင်စီရင်နေသည့် တရားသူကြီး ဦးသောင်းညွန့် နေထိုင်သည့် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် စိတ္တသုခလမ်းရှိ နေအိမ်ကို ယမန်နေ့ညက ခဲနှင့်အပေါက်ခံခဲ့ရပြီးနောက် လုံခြုံရေးကားများ ချက်ချင်းရောက်ရှိလာသည်ဟု အိမ်နီးနားချင်းအချို့က ပြောသည်။ **(DVB 260509)**
- ကချင်ပြည်နယ်တွင် နအဖမှ ကျူးလွန်သည့် မုဒိန်းမှုများသည် မယုံနိုင်လောက်အောင် များပြားနေကြောင်း **Christian Solidarity Worldwide** မှ ဆိုသည်။ **(DVB 160509)**
- ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေကြောင်းအရ အကျယ်ချုပ်သက်တမ်း နောက်ထပ် ၆ လ ထပ်တိုးမှုရသေးပေမယ့် နိုင်ငံတော်အစိုးရက သက်ညှာထောက်ထားသည့်အနေဖြင့် ယနေ့တွင် အကျယ်ချုပ်မှ ဖျက်သိမ်းပေးလိုက်ကြောင်း ရဲမှူးချုပ်မြင့်သိန်းနှင့် ရဲချုပ်ခင်ရီတို့က ယနေ့နံနက်တွင် ၁၅ မိနစ်ကြာ ပြုလုပ်ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ သံတမန်နှင့် သတင်းထောက်များကို ပြောကြားလိုက်သည်။ **(RFA 260509)**
- **NLD** ပဲခူးတိုင်းစည်းအဖွဲ့ဝင် ပဲခူးမြို့ အမှတ် (၂) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်အား **NLD** ပဲခူးတိုင်း စည်းအဖွဲ့ဝင်မှ တစ်နှစ်အနားပေးလိုက်ကြောင်း **NLD** ဥက္ကဋ္ဌ ဦးအောင်ရွှေလက်မှတ်ဖြင့် မေလ (၂၀) ရက်နေ့က ထုတ်ပြန်လိုက်သည်။ **(Kaowao 260509)**

- မိုးရာသီကာလရောက်ပြီးဖြစ်၍ အုတ်ဖုတ်လုပ်ငန်းများ ရပ်ဆိုင်းရကာ ဈေးကွက်တွင် အုတ်ဈေးနှုန်းမြင့်တက်လာသော်လည်း လုပ်ငန်းရှင်များအနေနှင့် တွက်ခြေမကိုက်သည့်အပြင် အရှုံးပေါ်နေသည်ဟု မော်လမြိုင်မြို့မှ အုတ်ခဲဖုတ်လုပ်ငန်းရှင် နိုင်ကျော်စိုးဦးက ပြောသည်။ **(Kaowao 260509)**
- ယခုနှစ်ဆားလုပ်ငန်းရာသီတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မွန်ပြည်နယ် ဆားလုပ်ငန်းများ ပျက်စီးမှုများပြားကာ ဆားအထွက်နှုန်းလည်း ကျဆင်းလာသောကြောင့် ထိုင်းနိုင်ငံထုတ်ဆားများ တင်သွင်းမှုများပြားလာသည်ဟု ဆိုသည်။ **(Kaowao 260509)**
- တရုတ်နယ်စပ်နှင့် ကပ်လျှက်ရှိသည့် သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်း၊ မန့်ဟျိုး (မန့်ဟီးရိုး) မြို့နယ်များတွင် ယခုရက်ပိုင်းအတွင်း ရဲတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးတူထပ်စွာ ချထားနေသည်ဟု ဆိုသည်။ **(S.H.A.N 260509)**

မေလ (၂၇)

- မဲဆောက်ဒေသရောက် မြန်မာနိုင်ငံသား (၁၀၀) ခန့်သည် နအဖ၏ မတရား အမှုဆင်ဖမ်းဆီးခြင်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် မဲဆောက်မြို့ UNHCR ရုံးရှေ့၌ သွားရောက်ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ **(NEJ 270509)**
- ယနေ့နေ့လယ် (၁၁) နာရီနှင့် (၁၂) နာရီ အကြားတွင် မော်လမြိုင်မြို့ မြန်မာ့ဆက်သွယ်ရေးပြည်နယ်ရုံးရှေ့နှင့် မြန်မာ့စီးပွား ရေးဘဏ်နံဘေးတို့တွင် ဗုံးပေါက်ကွဲမှု ရှေ့ဆင့်နောက်ဆင့် ဖြစ်ပွားခဲ့သည်။ **(NEJ 270509)**
- နေအိမ်အကျယ်ချုပ် ကန့်သတ်တားဆီးမိန့်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အင်းစိန်တောင် တရားရုံးသို့ ယမန်နေ့က စာဖြင့် ရေးသားလျှောက်လဲချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ ထုတ်ပြန် ဖြန့်ချိလိုက်သည်။ **(Irrawaddy/ NEJ 270509)**
- ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိလွှတ်ပေးရန် အမေရိကန် သမ္မတ **Barack Obama** က မြန်မာစစ်အစိုးရအား ယမန်နေ့က တောင်းဆိုလိုက်သည်။ **(Irrawaddy 270509)**
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် လှုံ့ဆော်မည့် **www.64forsuu.org** အမည်ရှိ အင်တာနက်စာမျက်နှာသည် ကမ္ဘာကျော် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာ **NGOs** အဖွဲ့များ၏ ထောက်ခံအားပေးမှုဖြင့် ယနေ့စတင် တည်ဆောက်ဖွင့်လှစ်လိုက်သည်။ **(Irrawaddy 270509)**
- အာဆီယံ အဖွဲ့အနေနှင့် မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားရန် စင်္ကာပူ ပါလီမန်အမတ် တစ်ဦးက ဘန်ကောက်အခြေစိုက် နိုင်ငံခြားသတင်းထောက်များ ကလပ်၌ ယမန်နေ့က ပြုလုပ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး လက်မှတ်ရေးထိုးလှုပ်ရှားမှု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ **(Irrawaddy 270509)**
- မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး ကင်းမဲ့နေပါလျှင် တိုင်းပြည်၏ အနာဂတ်ငြိမ်းချမ်း သာယာဖွံ့ဖြိုးနိုင်မည် မဟုတ်ကြောင်း ယနေ့ပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပြောကြားလိုက်သည်။ **(Irrawaddy 270509)**
- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၁၈ ရပ်ကွက် ရေပြာလမ်းသွယ် အမှတ် ၂၈၉ (က) တွင် အိမ်ငှားနေသူ ဦးဝင်းလှိုင်သည် နေအိမ်မျက်နှာစာ၌ မြေကြီးတူးဆွစဉ် ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ဒီတိုနေတာ ၆၅ ခု၊ ပုလင်းဘူးခွံဖြင့် ထည့်ထားသည့် အလေးချိန် ၂ ကျပ်သားရှိ ကန့်အခဲများ တွေ့ရှိခဲ့ကြောင်း ယနေ့ထုတ် စစ်အစိုးရဘာတော်သတင်းစာက ရေးသားထားသည်။ **(Mizzima 270509)**
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ထိပ်တိုက်တွေ့လိုကြောင်း ဆန္ဒပြခဲ့သူ ရွှေဝါရောင်တော်လှန်ရေး ခေါင်းဆောင် အရှင်ဂမ္ဘီရကို နအဖအာဏာပိုင်များက ခန္တီးထောင်မှ ကလေးမြို့ထောင်သို့ ပြောင်းရွှေ့လိုက်သည်။ **(Mizzima 270509)**
- ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရန် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ လွတ်မြောက်နယ်မြေ **(MNDF-LA)**မှ ၁၉၉၀ ပြည့် အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်နေ့တွင် နအဖစစ်အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။ **(IMNA 270509)**

မေလ (၂၈)

- အင်းစိန်ထောင် အထူးတရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်၏အမှုအား (၉) ရက်မြောက် ဆက်လက်ကြားနာစစ်ဆေးသည့်ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူ ဦးဇော်ညွှန့်က အင်းစိန်ထောင်ရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သဖြင့် လုံခြုံရေးအာဏာပိုင်များက ထိုးကြိတ်ဖမ်းဆီး ခေါ်ဆောင်သွားသည်။ **(NEJ/ Mizzima/ Irrawaddy 280509)**
- မေလ (၂၂)ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ကြေညာချက်ထုတ်ပြန်ခဲ့မှုအပေါ် မြန်မာစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်အရေးယူမည်ဟု တုံ့ပြန် သတင်းထုတ်ပြန်ခဲ့သည်။ **(NEJ 280509)**
- ဒေါ်အောင်ဆန်းစုကြည်အမှုနှင့် ပတ်သက်၍ ယမန်နေ့က တရားခွင်တွင် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် မစ္စတာယက်တောတို့ကို စစ်ဆေးမေးမြန်းခဲ့သော်လည်း အဓိကအားဖြင့် မစ္စတာယက်တောကို စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ **(NEJ 280509)**
- နအဖ အစိုးရ၏ ယနေ့ထုတ်သတင်းစာများတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပတ်သက်၍ ယမန်နေ့ တရားခွင်ထွက်ဆိုချက်အချို့ကို ဖော်ပြခဲ့သော်လည်း မစ္စတာယက်တော၏ အောက်ပါထွက်ဆိုချက်များကို ချန်လှပ်ထားခဲ့သည်။ **(NEJ 280509)**
  – ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ယမန်နှစ် နိုဝင်ဘာလ အတွင်းကလည်း ဝင်ရောက်ခဲ့ဖူးကြောင်း၊ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်ကို မတွေ့ခဲ့ကြောင်း၊ အပြန်တွင် လမ်းလျှောက်ပြန်လာရာ လုံခြုံရေးအရာရှိတစ်ဦးက တွေ့ရှိကာ တစုံတခုလုပ်မည်ပြောကြောင်း၊ ၎င်းက ပြန်တော့မယ်ဟု ဆိုကာ ပြောဆို၍ ပြန်လာခဲ့ကြောင်း၊
  – ယခုလ (၃) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ သွားရန် အင်းလျားကမ်းစပ်တစ်လျှောက် လမ်းလျှောက်လာစဉ်တွင်လည်း လုံခြုံရေးဝန်ထမ်း (၅) ဦးကို တွေ့ခဲ့ရကြောင်း၊ ထိုသူတို့က တားဆီးခြင်းမရှိဘဲ ခဲသေးသေးလေးများဖြင့် ၎င်းကို ပေါက်ကာ စနောက်ခဲ့ကြောင်း၊
  – ဒေါ်အောင်ဆန်းစုကြည်အတွက် ၎င်းယူလာသော ပစ္စည်းများကို ဒေါ်အောင်ဆန်းစုကြည်က လက်မခံခဲ့ကြောင်း၊ ထို့ကြောင့် အိမ်မှသိမ်းဆည်းရမိသော ပစ္စည်းများမှာ ၎င်းမေ့ကျန်ခဲ့သော ပစ္စည်းများသာ ဖြစ်ကြောင်း၊
  – ၎င်းဓာတ်ပုံတချို့ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည်တို့ မသိရှိခဲ့ကြောင်း၊
  – ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို ရောက်ရှိစဉ် ဒေါ်အောင်ဆန်းစုကြည်ကို နှစ်ကြိမ်သာ တွေ့ခဲ့ရကာ ဒေါ်အောင်ဆန်းစုကြည်က တရားဥပဒေကို လေးစားလိုက်နာရန်နှင့် အမြန်ဆုံးပြန်ရန် စကားနှစ်ခွန်းကိုသာ နှစ်စလုံး ပြောဆိုခဲ့ကြောင်း
  – ၎င်းအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အကြမ်းဖက်သူတစ်စုက လုပ်ကြံမည့်အရေးကို မြင်သောကြောင့် ဘုရားသခင်အလိုရ လာရောက် ရခြင်းဖြစ်ကြောင်း၊
- ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆို စစ်ဆေးမှုများ ပြုလုပ်နေသည့်ကာလအတွင်း လုံခြုံရေးရဲများ အများအပြားချထားမှုကြောင့် အင်းစိန်ထောင်ရှေ့ဈေးမှ ဈေးသည်များ ဈေးရောင်းမကောင်းဘဲ မပြောရဲ မဆိုရဲ ဖြစ်နေကြကြောင်း ဈေးသူဈေးသားများက ပြောသည်။ **(NEJ 280509)**
- ရိုဟင်ဂျာများအပေါ် စနစ်တကျ ချိုးဖောက်ကျူးလွန်နေမှုများကို ရပ်တန့်ပါရန် ဒေသတွင်း နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများက မြန်မာစစ်အစိုးရအပေါ် ဖိအားပေးသင့်ကြောင်းနှင့် မိမိတို့ ကမ်းခြေများသို့ ထွက်ပြေးရောက်ရှိလာကြသော ရိုဟင်ဂျာဒုက္ခသည်များကိုလည်း လိုအပ်သည့် အကူအညီများ ပေးအပ်သင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီး **HRW** က အစီရင်ခံစာသစ်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(Mizzima 280509)**
- မြန်မာနိုင်ငံတောင်ပိုင်းရှိ ရတနာဓာတ်ငွေ့နှင့် ပိုက်လိုင်းလုပ်ငန်းများတွင် စွမ်းအင်ကုမ္ပဏီကြီး ရှဗရွမ်ကော်ပိုရေးရှင်း **Chevron** ၏ ရင်းနှီးလုပ်ကိုင်နေမှုသည် ရက်စက်ဖိနှိပ်သည့် နအဖ စစ်အစိုးရအား ဘဏ္ဍာရေးအရ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း အမေရိကန်နှင့် ကနေဒါအခြေစိုက် နိုင်ငံတကာ အလုပ်သမားသမဂ္ဂ **(International Brotherhood of Teamsters - IBT)** မှ ယမန်နေ့က ပြောကြားလိုက်သည်။ **(Mizzima 280509)**
- ဒီမိုကရေစီထွန်းကားရေးနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် မြန်မာစစ်အစိုးရကို ဖိအားပေးရန် အိန္ဒိယ နိုင်ငံရေးသမားများ၊ အနုပညာရှင်များ အပါအဝင် တက်ကြွလှုပ်ရှားသူများက ယနေ့ အိန္ဒိယအစိုးရကို တောင်းဆိုလိုက်သည်။ **(Mizzima 280509)**

- ဖျော်ဖြေရေးဂျာနယ်အဖြစ် ထုတ်ဝေခွင့်ရထားသော **PHOENIX** ဂျာနယ်သည် ဆင်ဆာဖြတ်ခံထားရသော သတင်းအချို့ကို ရေးသားဖော်ပြသည်ဟု ဆိုကာ စာပေစိစစ်ရေးက ယခုတစ်ပတ် ထုတ်ဝေခွင့် ပိတ်လိုက်သဖြင့် စီးပွားရေးအရ ထိခိုက်မှု မများလှသော်လည်း ဂျာနယ်သစ်တစ်စောင်အနေဖြင့် ဈေးကွက်ထိုးဖောက်မှု အရှိန်ကိုမူ ပျက်စေသည်။ **(Mizzima 280509)**
- အင်းစိန်ထောင်အတွင်း တရားရုံးတွင် အမှုရင်ဆိုင်နေရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေး ချွတ်ယွင်းနေသည်ဟု **NLD** ပြောခွင့်ရ ပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 280509)**
- တရားရင်ဆိုင် နေရသည့် **Mr. John William Yettaw** အမှုနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ တစ်ဦးတည်းသော သက်သေဖြစ်သူ **NLD** လပ္ပတ္တာ အမတ် ဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုချက်များသည် ပြစ်မှုမမြောက်ကြောင်း တရားရုံးတွင် ယနေ့ထွက်ဆိုခဲ့ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(Irrawaddy 2080509)**
- ရာဇဝတ်မှုကျူးလွန်သော မြန်မာစစ်အစိုးရကို အရေးယူနိုင်ရန် စုံစမ်းရေး ကော်မရှင် တစ်ရပ်လိုအပ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် အဖြစ် ၈ နှစ် တာဝန်ယူခဲ့သူ မစ္စတာ ပေါလိုဆာဂျီယိုပီညဲရိုးက ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တိုက်တွန်းလိုက်သည်။ **(Irrawaddy 280509)**
- ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာစစ်အစိုးရက ထိန်းသိမ်းထားခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများအသင်း **(Asean)** ၏ ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟု အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က ပြောကြားလိုက်သည်။ **(Irrawaddy 280509)**
- ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ **FAO** သည် နာဂစ်မုန်တိုင်းဒဏ်ဒေသခံ လယ်ယာနှင့်တံငါ ၃၂၀၀၀ တို့အား နှစ်ရှည်စီမံကိန်းဖြင့် ဒေါ်လာ ၅ သန်းကျော်အကုန်ခံ၍ အသက်မွေးဝမ်းကြောင်း ခိုင်လုံအောင်ကူညီရန် **FAO** နှင့် အီတလီအစိုးရတို့က သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။ **(UN/ VOB 280509)**
- ယနေ့ နံနက်ပိုင်းနှင့် နေ့လည်ပိုင်းများတွင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်ရာ အင်းစိန်ထောင်ရှေ့ သွားရောက်အားပေးထောက်ခံသည့် အထဲမှ သံဃာတော်များ အတော်များလာသဖြင့် ရန်ကုန်မြို့ အနှံ့အပြားတွင် လုံခြုံရေးအထူးချထားသည်။ **(RFA 280509)**

## မေလ (၂၉)

- ယခုနှစ်ကျောင်းအပ်ရာသီတွင် ကျောင်းသားမိဘများထံမှ အလှူခံခြင်း လျော့ပါးသွားသော်လည်း ကျောင်းသားသစ်တစ်ဦးကို ကျောင်းအပ်နံကြေး (၃) သိန်းမှ (၁၂) သိန်းအထိကောက်ခံကာ နာမည်ကြီးသည့် ကျောင်းများဖြစ်ပါက လာဘ်ငွေပိုပေးရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။ **(NEJ 290509)**
- မြန်မာနိုင်ငံကျောက်စိမ်းဈေးကွက်တွင် တရုတ်နိုင်ငံသားများက မြန်မာနိုင်ငံသို့ အလည်အပတ် ဗီဇာဖြင့်လည်းကောင်း၊ တရားမဝင်နည်းဖြင့်လည်းကောင်း ဝင်ရောက်ကာ ကျောင်းစိမ်းများ ဝယ်ယူနေသည်မှာ (၃) နှစ်ကျော်ရှိနေပြီဖြစ်သော်လည်း အရေးယူမှုမရှိဘဲ ယခုရက်ပိုင်းအတွင်းမှ တရုတ်ကျောင်းစိမ်းကုန်သည်များကို ဖမ်းဆီးနေနေသည်ဟု မန္တလေးကျောက်ကုန်သည်တစ်ဦးက ပြောသည်။ **(NEJ 290509)**
- ရန်ကုန်မြို့တွင် မိုးအလွန်ရွာသွန်းနေသည့်အတွက် ရန်ကုန်မြို့အနှံ့တွင် ရေကြီးရေလျှံဖြစ်နေကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 290509)**
- ဒေါ်အောင်ဆန်းစုကြည်အပေါ် ဆွဲဆိုထားသော အမှုနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်ကို မစစ်ဆေးမီ ရှေ့နေများနှင့် ညှိနှိုင်းဆွေးနွေးရန် လုံလောက်သော အချိန်ကို အစိုးရဘက်က မပေးခဲ့သဖြင့် နအဖစစ်အုပ်စု၏ တရားစီရင်ရေးစနစ်သည် ပြည်တွင်းပြည်ပ ဥပဒေများအား ချိုးဖောက်နေသည်ကို တွေ့ရှိရကြောင်း **NLD** က ယမန်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(NEJ 290509)**
- ဒေါ်အောင်ဆန်းစုကြည် အမှုနှင့်ပတ်သက်သည့် သတင်းများကို ပြည်တွင်းအခြေစိုက် သတင်းဂျာနယ်များတွင် ဖော်ပြလိုပါက အစိုးရပိုင် သတင်းစာများထဲမှ သတင်းများအတိုင်း "၏" "သည်" မလွဲ ရေးသားမှသာ စာပေစိစစ်ရေးက ခွင့်ပြုကြောင်း ဆိုသည်။ **(Irrawaddy 290509)**
- လွန်ခဲ့သည့် ၆ နှစ်က ဒီပဲယင်းမြို့အနီး တိုက်ခိုက်မှုတွင် သေဆုံးသွားသူများအတွက် ရည်စူး၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန်မြို့ရှိ ဌာနချုပ်ရုံးတွင် ယနေ့နံနက်ပိုင်းက သံဃာတော်များအား ပင့်ဖိတ်ကာ ဆွမ်းကပ်လှူဒါန်းခဲ့ကြသည်။ **(Irrawaddy/ DVB 290509)**

- ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးရန် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကိုယ်စား သခင်သိန်းဖေက လက်မှတ်ရေးထိုးထားသည့် မေတ္တာရပ်ခံစာတစ်စောင်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လွှန်ခဲ့သည့် (၄) ရက်က ပေးပို့ခဲ့သည်။ **(DVB 290509)**
- ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး မလွတ်မချင်း မြန်မာနိုင်ငံအား အာဆီယံမှ ထုတ်ပယ်ထားရန် စာရေးသူ **Kris Kaye** မှ ဝေဖန်အကြံပြုလိုက်သည်။ **(Nation/ VOB 290509)**
- ဒေါ်အောင်ဆန်းစုကြည်အမှု ရက်ချိန်းကို ဇွန်လ ၅ ရက်သို့ ရွှေ့ပြောင်းလိုက်သည်။ **(Mizzima 290509)**
- လယ်အသိမ်းခံရသည်ကို **ILO** သို့ တိုင်ပေးသဖြင့် အဖမ်းခံရသူအတွက် အမှုလိုက်ပေးရာမှ သူပါထောင်ဒဏ် ကျခံနေရသည့် ရှေ့နေ ကိုဖိုးဖြူ၏ အယူခံကို မကြွေးခရိုင် တရားရုံးက ယမန်နေ့က ပယ်ချလိုက်သည်။ **(Mizzima 290509)**
- စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ယူထားသည့် အကြီးဆုံးသော ကချင်အဖွဲ့ဖြစ်သည့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ **(KIO)** ၏ တပ်မတော်မှ မဟာဗျူဟာ လေ့လာရေးနှင့် သုတေသန မှတ်တမ်းဌာနမှူး ဗိုလ်မှူးကြီး ဂွမ်မော်ကို နှစ်လနီးပါးကြာ လစ်လပ်နေသည့် ကချင်လွတ်လပ်ရေး တပ်မတော် **(KIA)** ဒု–စစ်ဦးစီးချုပ် ရာထူးအား ခန့်အပ်လိုက်သည်။ **(Mizzima 290509)**
- အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး **Amnesty International** က ကမ္ဘာ့နိုင်ငံအသီးသီး၏ ၂၀၀၈ ခုနှစ် လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေနှင့် ပတ်သက်၍ လွှန်ခဲ့သည့် အပတ်က အစီရင်ခံစာ တစ်စောင်ကို ရေးသားထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်းကို အသေးစိတ်ဖော်ပြထားသည်။ **(RFA 290509)**
- ဒေါ်အောင်ဆန်းစုကြည် အမှုနှင့်ပတ်သက်၍ မြန်မာစစ်အစိုးရ ထိန်းချုပ်ထားသော သတင်းစာ ရေဒီယိုနှင့် ရုပ်မြင်သံကြားများကသာ အနည်းအကျဉ်း ဖော်ပြနေသည်မှလွဲ၍ ပြည်ပသတင်းထောက်များနှင့် ပြည်တွင်း မြန်မာဂျာနယ် သတင်းထောက်များ လွတ်လွတ်လပ်လပ် သတင်းရေးသားဖော်ပြခွင့် မရသည့်အပေါ် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ **RSF** က မေလ ၂၈ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ နအဖ စစ်အစိုးရကို ပြစ်တင်ဝေဖန်လိုက်သည်။ **(RFA 290509)**
- ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး **Mr. Kasit Piromya** က သတင်းထောက်များကို အာဆီယံနှင့် **EU** အစည်းအဝေးမှ ပြန်ရောက်ရောက်ချင်း ပြောဆိုလိုက်သည်။ **(RFA 290509)**
- သျှမ်းပြည်အရှေ့ပိုင် မိုင်းလားနှင့် တရုတ်ပြည် တာလော အကြားရှိ နယ်စပ်မှောင်ခိုလမ်း (ဖြတ်လမ်း) အား တရုတ်အာဏာပိုင်များက မြေထိုးစက်ဖြင့် ထိုးဖျက်ပစ်နေကြောင်း တရုတ်နယ်စပ် ကုန်သည်တစ်ဦးက ပြောသည်။ **(S.H.A.N 290509)**
- နအဖ စစ်တပ်ထဲသို့ ဝင်ရောက်သူ အရေအတွက် တဖြည်းဖြည်းနည်းပါးလာနေရာ ယခုအခါ မြန်မာနိုင်ငံ အနောက်ဘက် နယ်စပ်တွင် နေထိုင်သော ခမီးလူငယ်များကို စစ်တပ်မှ အတင်းအဓမ္မ တပ်ထဲသို့ သွင်းနေကြောင်း ခမီးလူငယ် ကိုအောင်စိုးက ပြောသည်။ **(Narinjara 290509)**

မေလ (၃၀)

- ၆ နှစ်ပြည့် ဒီပဲယင်း နှစ်ပတ်လည်နေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့အတွင်းဖြစ်သည့် ကမ္ဘာအေး၊ ပြည်လမ်း၊ ပုဇွန်တောင်၊ အင်းစိန်နှင့် ဆူးလေစသည့်နေရာများတွင် လုံထိန်းရဲနှင့် စစ်သားများ လိုက်ပါစီးလာသည့် ယာဉ်တန်းအစုလိုက် လှည့်ပတ်နေသည်။ **(Mizzima 300509)**
- ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်ခံရမှု (၆) နှစ်မြောက် အောက်မေ့ဖွယ် အခမ်းအနမ်း တစ်ရပ်ကို ထိုင်း–မြန်မာ နယ်စပ် မဲဆောက်မြို့တွင် ပြုလုပ်ကျင်းပခဲ့သည်။ **(Yoma3 300509)**
- လွှန်ခဲ့သည့် ကြာသပဒေးနေ့က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းကို မစ္စတာယက်တော၏ အမှုအတွက် တရားသူကြီးအပါအဝင် အာဏာပိုင်များ ဝင်ရောက်ကာ မစ္စတာယက်တော နေအိမ်ထဲ ဝင်ရောက်ခဲ့ပုံကို သရုပ်ပြကြည့်ရှုသည်ကို ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခဲ့သဖြင့် မိမိအနေနှင့် မကျေမနပ်ဖြစ်ကြောင်း မေလ ၃၀ ရက်နေ့က ရှေ့နေများနှင့် တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ **(RFA 300509)**

- မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုထားသည့် အမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ပေးရန် အာဆီယံနိုင်ငံ လွှတ်တော်အမတ်များက မိမိတို့သက်ဆိုင်ရာ အစိုးရ အသီးသီးကို တိုက်တွန်းလိုက်သည်။ **(RFA 300509)**
- ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ကာ စစ်အစိုးရနှင့် အတိုက်အခံအကြား အဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး **Robert Gates** က မြန်မာစစ်အစိုးရကို ယနေ့ တိုက်တွန်းလိုက်သည်။ **(RFA/ DVB 300509)**
- အာဆီယံ–**EU** အစည်းအဝေးစ၍ မိနစ်ပိုင်းအတွင်း မြန်မာ့အရေးကို မဆွေးနွေးရန် နအဖ ကိုယ်စားလှယ် ဒုနိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်မှ တက်ရောက်လာသော နိုင်ငံများသို့ သတိပေးပြောကြားလိုက်သည်။ **(Phnom Penh/ VOB 300509)**
- နအဖစစ်ဗိုလ်များ၏ ပြည်တွင်းရေး ဝင်မစွက်ဖက်ရေးစကားသည် ခေတ်ကုန်နေပြီဟု ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးမှ ဆိုသည်။ **(Asia Times/ VOB 300509)**
- မြန်မာစစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား စော်ကား၍ နောက်သို့တစ်လှမ်း ရောက်သွားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားမှုသည် ပြည်တွင်းရေးပြဿနာတစ်ခုတည်းသာ မဟုတ်ကြောင်း ချက်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **Jan Kohout** က ဆိုသည်။ **(Asia Times/ VOB 300509)**
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား မူဆလင် ၅၂ ဦးကို ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် **(BDR)** တပ်ဖွဲ့မှ မြန်မာနိုင်ငံသို့ ယနေ့ ပြန်လည်ပို့ဆောင်လိုက်သည်။ **(Narinjara 300509)**
- ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တာဝန်ကျနေသော နစက၊ ထောက်လှမ်းရေး၊ ရဲတပ်ဖွဲ့နှင့် လုံထိန်းတပ်ဖွဲ့များ အနေဖြင့် ဒေသတွင်း အဓိကထား၍ စုံစမ်းထောက်လှမ်းမှု ပြုလုပ်နေသော ကိစ္စမှာ မည်သူ့ထံတွင် ဘင်္ဂလားဒေ့ရှ်မှ လက်ကိုင်ဖုန်းကိုများ ကိုင်ဆောင်ခြင်းရှိမရှိကို စုံစမ်းကာ ဘင်္ဂလားဒေ့ရှ် လက်ကိုင်ဖုန်းတစ်လုံးဖမ်းမိလျှင် အနည်းဆုံး ကျပ်ငွေ တစ်သိန်းမှ ၃ သိန်းအထိ ကောက်ယူလာဘတ်စားမှုများ ပြုလုပ်နေသည်။ **(Narinjara 300509)**
- ကယန်းလူမျိုးများ နေထိုင်လေ့ရှိသည့် တောင်ပေါ်ဒေသများဖြစ်သည့် ဖယ်ခုံမြို့နယ်ရှိ လန်းကောကျေးရွာတွင် နအဖစစ်တပ် တပ်ရင်း ခလရ ၆၀၆ မှ ယခုလ ၃ ရက်နေ့က ရောက်ရှိလာကာ တောင်ယာရှိ စပါး၊ ပြောင်း၊ ဖရုံ၊ ပဲနှင့် သခွါးစသည့် သီးနှံများကို ဖျက်ဆီးကာ နှစ်ရှည်လက်ဖက်ပင်များ စိုက်ပျိုးခိုင်းသည့်အတွက် ဒေသခံများ ဒုက္ခရောက်နေရသည်။ **(Kantarawaddy Times 300509)**
- ကရင်နီပြည် လွိုင်ကော်မြို့ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော ကယန်းလူငယ်ခေါင်းဆောင် တစ်ဦးဖြစ်သည့် ကေကောရီယိုသည် အဆုတ်အတွင်းသို့ ရေဝင်သည့် ရောဂါခံစားနေရသော်လည်း ပြင်ပဆေးရုံသို့ ဆေးကုသခွင့် မရရှိဘဲ ကျန်းမာရေးဆိုးရွားနေသည်။ **(Kantarawaddy Times 300509)**

မေလ (၃၁)

- ယခုလ (၇) ရက်နေ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်ကိုယ်တိုင် ထီးတော်တင်ခဲ့သည့် ရန်ကုန်တိုင်း ဒလမြို့နယ် ခနတ်စံပြကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ခနတ်စေတီတော်ကြီး ယမန်နေ့က ပြိုကျသွားသဖြင့် လူပေါင်း (၅၀) ကျော် ဒဏ်ရာပြင်းထန်စွာရရှိကာ မြေပိနေသူများစွာ ရှိနေသေးကြောင်း မျက်မြင်သက်သေများက ပြောသည်။ **(NEJ 310509)**
- နာဂစ်မုန်တိုင်းဒဏ်သင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အခြေခံပညာကျောင်း အားလုံးနီးပါး ပျက်စီးခဲ့ပြီးနောက် ကျောင်းများ ပြန်လည်မဆောက်နိုင်သေးသဖြင့် ကျောင်းအများစုသည် တစ်နှစ်ကျော်သည်အထိ ပြန်မဖွင့်နိုင်သေးဘဲ ယာယီကျောင်းသဘောမျိုးသာ ဖွင့်လှစ်ထားသည်။ **(DVB 310509)**
- မြန်မာနိုင်ငံတွင် ချမ်းသာကြွယ်ဝသူများမှ မိမိတို့ငွေကြေးကို တိုင်းပြည်အတွက် အကျိုးရှိအောင် ပေးကမ်းခွဲဝေ အသုံးပြုရန် လိုအပ်နေကြောင်း ပရဟိတအကျိုး ဆောင်ရွက်နေသည့် သီတဂူဆရာတော် ဦးဉာဏိဿရက မိန့်ကြားလိုက်သည်။ **(RFA 310509)**

- ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော် **(ALA)** မှ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့များတွင် ဗုံးခွဲရန် ဝင်ရောက်နေသည်ဟုဆိုကာ အရေးကြီးသော အစိုးရအဆောက်အဦးများတွင် လုံခြုံရေးတင်းကျပ်ထားသည်ဟု အမည်မဖော်လိုသည့် အစိုးရဝန်ထမ်းတစ်ဦးကပြောသည်။ **(Narinjara News 310509)**

---

***End of report: , Thursday, June 04, 2009***

*ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနဌာနနှင့် မှတ်တမ်းတင်မှု တုတ်ဝေဖြန့်ချိသည်။*

***Documentation and Research Department- NDD***

---